ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်၊ စနေနေ့၊ (26-6-2010) (၆၄၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုးစပါးနှင့် နွေစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ တက်ရောက်၍ ဂုဏ်ပြုဆုများချီးမြှင့် မိုးနဲ-ကျိုင်းတုံရထားလမ်း ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဇွန်　　၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့တော်ခန်းမ၌ ကျင်းပသော ၂၀၀၉-၂၀၁၀ ခုနှစ် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ဒေသကုန်ထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်ရေးနှင့် သဘာဝသစ်တောများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မှာကြားကာ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက မိုးစပါးနှင့် နွေစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)　　(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၁၀ ခုနှစ် ဇွန်လ ၂၆ ရက်)

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည် ဖြစ်သကဲ့သို့ ကျွန်ုပ်တို့ မြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားနှင့် လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက် ကျင်းပနေကြပေလိမ့်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက် အစိုးရများမှ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များပေါ် အခြေခံလျက် ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် (၁၅) နှစ်စီမံကိန်းရေးဆွဲ၍ ပထမ၊ ဒုတိယ (၅)နှစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုတတိယ (၅)နှစ်စီမံကိန်းကာလကို ရောက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံစသည်တို့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူများကို ပြည်ပနိုင်ငံများတွင် ဖမ်းဆီးရမိပြီး မြန်မာနိုင်ငံ၌ တရားစွဲတင်နိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးကဏ္ဍ၏ အောင်မြင်မှုများပင် ဖြစ်ပါသည်။

မူးယစ်ဆေးဝါး ကင်းစင်လုံခြုံသော ပတ်ဝန်းကျင်ဖြစ်စေရန် ရည်ရွယ်ပြီး မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့အသီးသီးမှလည်း စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်စေရေးအတွက် သက်ဆိုင်ရာ ကျောင်းများတွင် ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့်ပြိုင်ပွဲများတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

၂၆-၆-၂၀၁၀
(စနေနေ့)

သီးနှံစိုက်ပျိုး အထွက်တိုးရေး ကြိုးပမ်းစွမ်းဆောင်

စိုက်ပျိုးရာသီချိန် ရောက်ရှိလာပြီ။ မုတ်သုံလေ အားကောင်းနေသည်။ နေရာဒေသအနှံ့အပြားတွင် မိုးကောင်းစွာ ရွာသွန်းလျက်ရှိရာ တောင်သူလယ်သမားများ ထယ်ရေးပြင်ထွန်ရေးငင်၍ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်နေကြပြီ။

တောင်သူလယ်သမားများအနေဖြင့် မိုးစပါးများ လျာထားချက်နှင့်အညီ အပြည့်အဝစိုက်ပျိုးနိုင်ရေး၊ တစ်ဧက အထွက်နှုန်းတိုးရေးတို့ကို ဦးတည်ကြိုးပမ်းကြရပေမည်။ စပါးအထွက်တိုးရေးတွင် မျိုးကောင်းမျိုးသန့်စပါးများ အသုံးပြုရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့သည်လည်း အဓိကထားလုပ်ဆောင်ကြရမည့် အချက်များဖြစ်သည်။

မျိုးကောင်းမျိုးသန့်စပါးများသည် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည်။ စားသုံးရာတွင် အရသာကောင်းမွန်ပြီး နေရာဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းသည့်အပြင် ပိုးမွှားရောဂါနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် အချက်များ ပြည့်စုံမှုရှိသည်။ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)နှင့် ရှမ်းပြည်နယ်တို့သည် ဆန်စပါးအဓိကစိုက်ပျိုးရာ ဒေသများဖြစ်ရာ ဒေသအလိုက် စပါးအထွက်တိုးရေး ကြိုးပမ်းကြရပေမည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာစေရန် စိုက်ပျိုးရေရရှိရေးအပါအဝင် အရည်အသွေးကောင်း၊ အထွက်နှုန်းတိုး စပါးမျိုးများတိုး၍ ဖြန့်ဝေပေးနေသည်။ လယ်ယာသုံးစက်ကိရိယာများနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပေါင်းစပ်လုပ်ကိုင်နိုင်ရေး အားပေးကူညီလျက်ရှိသည်။ စိုက်နည်းစနစ်မှန်ကန်ရေး၊ သီးနှံလေလွင့်ဆုံးရှုံးမှု နည်းပါးစေရေး သင်တန်းများ ပေးလျက်ရှိသည်။

နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် လယ်ယာကဏ္ဍသည် အချိုးအစားကြီးမားစွာ ပါဝင်နေသည်။ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ကျေးလက်ပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ လယ်ယာကဏ္ဍ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က လယ်ယာစီးပွားအခြေခံအုတ်မြစ်ခိုင်မာစေရန် စိုက်ပျိုးရေရရှိရေးအပါအဝင် လယ်ယာလုပ်ငန်းခွင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ အားပေးကူညီမှုများနှင့်အတူ အရည်အသွေးကောင်း၊ အထွက်နှုန်းတိုးသီးနှံများ လျာထားချက်အတိုင်း အပြည့်အဝစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

ဇွန် ၁၉ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အခြေခံပညာကျောင်းများ ရန်ပုံငွေအတွက် ငွေကျပ်သိန်း ၂၀ ကို Popular Plastic Industry Group ဥက္ကဋ္ဌ ဦးကျင်ဦးက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြင်းမူမြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၅

မြင်းမူမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ရက်တိုသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စစ်ကိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လွှတ်တော် (၃)ရပ် ဥပဒေ၊ နည်းဥပဒေများ၊ မဲစာရင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပို့ချကြပြီး သင်တန်းတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းကြသည်။

အဆိုပါ သင်တန်းသို့ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာရင်းစစ်ချုပ်ရုံး ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇွန် ၂၅

စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ကျောင်းသားမိဘဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြား၍ ဝန်ထမ်းသားသမီးများအတွက် ပညာရည်ချွန်ဆုနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေကျပ် ၁၉ ဒသမ ၈၅ သိန်းကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းပို့ချ

ပဲခူး ဇွန် ၂၅

ပဲခူးမြို့နယ် ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းကို ဇွန် ၅ရက်တွင် ဘုရားကြီးစံပြကျေးရွာအထက၌ လည်းကောင်း၊ ဇွန် ၆ ရက်တွင် အင်းတကော်စံပြကျေးရွာ ကျေးလက်ဆေးပေးခန်း၌ လည်းကောင်း၊ ဇွန် ၁၃ရက် နံနက် ၉နာရီတွင် မြို့နယ်အစည်းအဝေးခန်းမ၌ လည်းကောင်း ကျင်းပသည်။

သင်တန်းတွင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသောင်းဟန်က သင်တန်းဖွင့်လှစ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်ဥပဒေအရာရှိ ဦးမြင့်သိန်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေး ပို့ချခဲ့ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့်ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇွန် ၂၄ ရက်က ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ကိုယ်စားပြု အင်းစိန်မြို့နယ် အမက(၁)ဗဟို ဒုတိယတန်းမှ မမေမြင့်မြတ် ပြိုင်ပွဲဝင်စဉ်။ (မ၁)

နှစ်(၅၀)ပြည့် ရွှေရတုအထူးထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

နေပြည်တော် ဇွန် ၂၅

မောင်မောင်သိုက်၏ ပန်းချီလက်ရာနှင့်အတူ မြင်းမူမောင်နိုင်မိုး၊ ကို(တက္ကသိုလ်)၊ မောင်ဟေမာ၊ မောင်စိမ်းနှောင် (လယ်ဝေး)၊ ညွှန့်ဝေ(ကသာ)၊ မောင်ယဉ်မှူး၊ သူရဇော်၊ မောင်ကြင်နွယ်၊ မြေလတ်မောင်မြင့်သူ၊ မင်းရွှေမင်း(အင်းစိန်)၊ မင်းချမ်းမွန်၊ မောင်နီဝင်း(ပခုက္ကူ)၊ သိပ္ပံစိုးမြင့်နိုင်၊ အောင်ဆန်းသိန်း(ပခုက္ကူ)၊ တက္ကသိုလ်စိုးယဉ်၊ ဟသ်ာတ မောင်မျိုးသက်၊ တောသားကြီးလူနိုင်၊ ပုဏ္ဏဝတီ တင့်နှောင်းတို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ ငွေကြည်၊ မြေဇာ၊ သစ်ထွဏ်း၊ သူရမိုး၊ လွမ်းမောင်(သုဝဏ္ဏ)၊ ကျောက်ဆူးတို့၏ ကာတွန်းလက်ရာများအပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မကြန်၊ မင်းယုဝေ၊ ချစ်ဦးညို၊ မောင်ခင်မင်(ဓနုဖြူ)၊ ရေနံ့မြေ မောင်မောင်ကြည်၊ ရွှေမြိတ် သောင်းတင်၊ ထွန်းလပြည့်သစ်၊ မနုသကျော်ဝင်း၊ တက္ကသိုလ် လှကြွယ်၊ နိုင်ဇော်၊ ဂွမ်းဖြူဇင်၊ မောင်သန်းဝင်း (ရန်ကုန်တက္ကသိုလ်)၊ ဒွေးမောင်၊ လှဘုန်းအောင်၊ ကိုခန့်(သုတေသန)၊ တက္ကသိုလ်တင်ခ၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မုဒိုး-သုမွန်၊ ဒေါက်တာခင်ရီဝင်း၊ ဗိုလ်ကလေး တင့်အောင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ လှိုင်သန်းတင့်-ရွှေပန်းချီ(ရမည်းသင်း)၊ ညောင်ဦး ဖိုးချို၊ နန္ဒာမိုးကြယ်၊ ဦးကြည်ရွှေ၊ ရဲမာန်ခ၊ မြင့်ဆွေ(မျက်စိအတု)၊ တင်အောင်(စက်မှုတက္ကသိုလ်)၊ သက်နှင်းအောင်၊ မောင်ကြည်သစ်ဦး၊ သော်ဇင်သစ်၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို) တို့၏ စာပေရေးရာနှင့် သုတရသဆောင်းပါးများ၊ မောင်မြင့်ကြွယ်၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ငွေတာရီ၊ မစန္ဒာ၊ ကြူကြူသင်း၊ လယ်တွင်းသား စောချစ်၊ ရင်မောင်(မြတ်စုရင်)၊ စစ်မင်း (တောင်တွင်း)၊ တင်သန်းဦး၊ သောင်းဝေဦး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မြင့်ဝင်းနီတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များက စာဖတ်ပရိသတ်၏ ရင်ဝယ်ငြိစေမည့်အပြင် မင်းတင်သိန်း(ပွင့်လျက်)၊ ကောက်ရိုးနွယ်(ရွှေကူ)၊ မြေလတ်မောင်ချစ်ဖူးတို့၏ မြန်မာ့ရိုးရာဟာသများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မြို့ပြစီမံကိန်းတိုက်ခန်း (၈)မိုင်လမ်းဆုံ မရမ်းကုန်းမြို့နယ်နေ ဦးကြီးစိန်-ဒေါ်ကြည်လှမိသားစုက ဒေါ်ကြည်လှ၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးတင်မောင်ဝင်း လက်ခံစဉ်။ (သတင်းစဉ်)

ကနီမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကနီ ဇွန် ၂၅

ကနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက်က မင်းမရွာနှင့် ယက္ကန်းတိုင်ရွာ ကျေးရွာချင်းဆက်လမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးထွန်းဖေနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်ဦးတို့က မင်းမအုပ်စုနှင့် ယက္ကန်းတိုင်အုပ်စုအတွင်းရှိ ကျေးရွာဥက္ကဋ္ဌများအား ပျိုးပင်ပေါင်း ၂၅၀၀ ကို ကျေးရွာအလိုက် ပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

အဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ စစ်ဆေး

ရွှေကူ ဇွန် ၂၅

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။ (မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇွန်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၇ ရက်(တနင်္ဂနွေနေ့)နံနက် ၅ နာရီခွဲတွင် တော်ဝင်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

❁ **ရှေ့ဖုံးမှ**

အထူးဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဆုရရှိသူများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ သိရှိလိုသည်များမေးမြန်းကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကျိုင်းတုံ-မိုးနဲလမ်း၌ ပြေးဆွဲမည့် ရထားတွဲဆိုင်းသစ်နှင့် ဘူတာဝင်းအတွင်း သံလမ်းခင်းနေမှုများကိုလည်းကောင်း၊ ကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း သံလမ်းလုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း လမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

မူးယစ်ကင်းစင် အောင်ပွဲဆင်

❁ မူးယစ်ရန်စွယ်၊ အန္တရာယ်ကား
ပြုဖွယ်လုပ်ဆောင်၊ အမိုက်မှောင်တည်း။
❁ သွေးသားခန်းခြောက်၊ အလှပျောက်ကာ
စိတ်ဖောက်မရှင်၊ ရောဂါဝင်လျက်
တပင်တပန်း၊ တန္ဓမ်းနွမ်းနှင့်
ကျွမ်းကျွမ်းကြေကြေ၊ အသက်သေ၏။
❁ မစွဲလမ်းခင်၊ အသိဝင်၍
ဆန့်ကျင်စွန့်ခွာ၊ ကျောခိုင်းကာလျှင်
လူ့ရွာကောင်းကျိုး၊ ထမ်းသယ်ပိုးလျက်
တန်ဖိုးရှိသူဖြစ်ပါစေ။
❁ မူးယစ်အမှောင်၊ ဝေးဝေးရှောင်ကာ
လူ့ဘောင်အကျိုး၊ ကိုယ့်လူမျိုးတွက်
တိုးတက်ဆောင်ရွက်နိုင်ပါစေ။
❁ ပြည်ရွာတစ်ခွင်၊ မူးယစ်စင်ပြီး
သန့်စင်ငြိမ်းချမ်း၊ ဘေးမသန်းဘဲ
ကျန်းမာသုခ၊ ပြည့်ဝကြအောင်
ရှောင်ရှားသတိ----။
တစ်မိသားလုံး၊ တစ်ရပ်လုံးညီ
ပြည်လုံးအနှံ့၊ အသိဖြန့်၍
ဆန့်ကျင်တိုက်ဖျက်ကြပါစို့။ ။

ထီယု

● **အပြည်ပြည်ဆိုင်ရာမှ**

ကျောင်းသားလူငယ်များအား အဓိက ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်သည့် ပညာပေးရေးလုပ်ငန်းကို များစွာအထောက်အကူပြုစေခဲ့ပါသည်။

မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် မူးယစ်ဆေးဝါး သုံးစွဲသူများအား ကျန်းမာရေးဦးစီးဌာနတွင် ဆေးကုသမှု ခံယူစေပြီးနောက် ပြန်လည်ထူထောင်ရေးစခန်းများတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာ၊ ရွှေပြည်အေး၊ ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးစခန်း သုံးခုကို ဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများ ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့၏ ဦးတည်ချက်နှင့် ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)မှ ချမှတ်ပေးလိုက်သော ၂၀၁၀ ခုနှစ် ဆောင်ပုဒ်မှာ "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့" "THINK HEALTH not drugs" ဟူ၍ ဖြစ်ပါသည်။

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ လူသားတိုင်း၏ ကိုယ်ရောစိတ်ပါ ကျန်းမာမှု၊ ကာယဉာဏအခြေအနေ တိုးတက်ကောင်းမွန်မှုရှိမှသာ လူသားထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အောင်မြင်မှုရရှိနိုင်သည်ဟု ဖော်ညွှန်းပါသည်။ ကမ္ဘာနှင့်အဝှမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို အာရုံပြုရှေးရှုနေကြချိန် အခြားတစ်ဖက်မှလည်း အဖျက်အမှောင့်၊ အနှောင့်အယှက်တစ်ခုဖြစ်သော လူသားများ၏ စိတ်ကျန်းမာရေး၊ ကိုယ်ကြံ့ခိုင်ရေးကို ဆုတ်ယုတ်စေနိုင်သည့် မူးယစ်ဆေးဝါးများကို အပင်အခြေခံ (Plant Based) မူးယစ်ဆေးဝါးမှသည် ဓာတ်ခွဲခန်းထုတ် (synthetic drugs) များအဖြစ် တီထွင်ထုတ်လုပ်ဖြန့်ဖြူးနေမှုများ ရှိနေပေသည်။ မူးယစ်ဆေးဝါးအမျိုးမျိုးမှာ သုံးစွဲသူလူသား မည်သူမဆို ဆိုးကျိုးအန္တရာယ်ကိုသာ ပြုနေပေရာ လူ့ဘောင်လောကအတွက် ထိခိုက်ဆုံးရှုံးစေသော ကြီးမားလှသည့် ခြိမ်းခြောက်မှုကြီးအဖြစ် တည်ရှိနေပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၁၀ ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့" "THINK HEALTH not drugs" ဆိုသည်နှင့်အညီ ယနေ့လူငယ်များနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးပါ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လုပ်ရှားနိုင်ရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးတိုက်ဖျက်သည့် လုပ်ငန်းစဉ်ကြီးကို ပြည်သူလူထုတစ်ရပ်လုံးမှ ညီညွတ်စွာ အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

Diploma in Software Engineering သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၂၅

Myanmar Professionals Education Centre က မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့် CICT Diploma in Software Engineering သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလကိုးလသာ ကြာမြင့်မည်ဖြစ်ကာ သင်တန်းတွင် Software Engineering နှင့် သက်ဆိုင်သော အဓိကဘာသာရပ် ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင် အသုံးချ Project တစ်ခုတို့ကို ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်သည်။

Diploma in Software Engineering သင်တန်းကို သင်ကြားမှု အတွေ့အကြုံသာမက လုပ်ငန်းခွင် အတွေ့အကြုံရင့်ကျက်သော ဆရာ၊ ဆရာမများက စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် Software ရေးသားမှုအတွေ့အကြုံရှိသူများမှပါ ထပ်မံ၍ လုပ်ငန်းခွင် အတွေ့အကြုံများကို Knowledge Sharing အနေဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

တက်ရောက်လိုသူ ကျောင်းသားများအတွက် သင်တန်းကြေးကိုလည်း အရစ်ကျပေးသွင်းနိုင်စေရန် စီစဉ်ထားရှိပြီး သင်တန်းကို တက္ကသိုလ်ဝင်တန်း အောင်မြင်ထားပြီးသူများမှစ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

သင်တန်း တန်းခွဲသစ်ကို ၂၀၁၀ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်မည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူ ကျောင်းသား၊ ကျောင်းသူများအား အထူး Discount ဖြင့် လက်ခံပေးမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းတက်ရောက်လိုသူ ကျောင်းသားများနှင့် မိဘများသည် အသေးစိတ်အချက်အလက်များကို Myanmar Professionals Education Center (MPEC) အမှတ် (၁၁၂) အခန်း (၁၁၊ ၁၂) ရှစ်မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၆၈၇၇၉၊ ၆၆၈၂၅၉၊ ၆၅၀၁၂၄ တို့သို့ ဆက်သွယ်စုံစမ်း၍ ကြိုတင်စာရင်းပေးသွင်းထားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၆-၂၀၁၀ (စနေနေ့)
[၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၇။ အကပြိုင်ပွဲ
- ၈း၂၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ Local Talent
- ၈း၅၀ ၁၁။ "အရည်အသွေးမီ ထုတ်လုပ်ထား ကြွေရည်စိမ်ပစ္စည်းများ"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၂၀ ၅။ Yan Can Cook
- ၁၂း၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၁၉)**
- ၁း၃၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း "ထိချက်မှန်သောမြားတစ်စင်း" [ဇော်ဝမ်း၊ ထွန်းထွန်း(Examplez)၊ နဝရတ်] (ဒါရိုက်တာ-မျိုးအေး)**
- ၂း၃၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၂း၄၅ ၉။ "မနောမြေအလှမှတ်တမ်း တစ်စိတ်တစ်ဒေသ"
- ၂း၅၅ ၁၀။ International News
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄း၂၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၄၅ ၆။ "ငါးရစ်မျိုးငါး တို့မစား"
- ၄း၅၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅း၀၅ ၈။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၃)
- ၅း၁၀ ၉။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြို သုံးသပ်ချက်)
- ၅း၃၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၄၀ ၁၄။ ယဉ်တစ်ကိုယ်မယ် (မြတ်မို့မို့သိမ့်)
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတာခွင့်လွှတ်ပါ" (အပိုင်း-၁၅)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ငါတို့ခွန်အား (မျိုးကြီး၊ တေးရေး-လင်းလင်း)
- ၂၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၃၆)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အရွယ်လွန်ချစ်အိပ်မက်" (အပိုင်း-၁၉)**
- ၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၄။ အစီအစဉ်ပြီး၏။

မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

မိတ္ထီလာ ဇွန် ၂၅

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် မြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဇွန် ၁၉ ရက်က မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် အမှတ်(၁၁၃) အခြေခံပညာမူလတန်းကျောင်း ပတ်ဝန်းကျင်နှင့် အုတ်ကျင်းနယ်မြေအတွင်း ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (မြို့နယ်စည်ပင်)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပဲခူးတိုင်း(အရှေ့ပိုင်း) အခြေခံကွန်ပျူတာသင်တန်း၊ လိုင်းနှင့် ကေဘယ်သင်တန်းဖွင့်လှစ်

ပဲခူး ဇွန် ၂၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပဲခူးတိုင်း (အရှေ့ပိုင်း) ဆက်သွယ်ရေးစခန်း အသီးသီး၏ ဆက်သွယ်ရေးလိုင်းများ ပိုမိုကောင်းမွန်ကြံ့ခိုင်စေရန်နှင့် တိုင်းမန်နေဂျာရုံးရှိ ဝန်ထမ်းများ၏ ကွန်ပျူတာကိုင်တွယ်အသုံးချမှု ပိုမိုကောင်းမွန်တိုးတက်လာစေရန်အတွက် တိုင်းမန်နေဂျာ၏ စီစဉ်မှုဖြင့် ဇွန် ၂၁ ရက်တွင် ပဲခူးမြို့ အိတ်ချိန်း၌ လိုင်းနှင့် ကေဘယ် အခြေခံသင်တန်းနှင့် အခြေခံကွန်ပျူတာ သင်တန်းကို ဖွင့်လှစ်ရာ တိုင်းမန်နေဂျာ ဦးစောထူးသာက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

လိုင်းနှင့် ကေဘယ်အခြေခံသင်တန်းသို့ တိုင်းအတွင်းရှိ ဆက်သွယ်ရေးစခန်း အသီးသီးမှ အော်ပရေတာ အမျိုးသား ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ဖြစ်သည်။ အခြေခံကွန်ပျူတာသင်တန်းသို့ တိုင်းမန်နေဂျာရုံး ဌာနခွဲအသီးသီးမှ သင်တန်းသား ရှစ်ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

မီးဘေးကာကွယ်ရေး

ထီးချိုင့်မြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဇာတ်တိုက်လေ့ကျင့်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

တောင်အမေရိကတိုက်၏ အင်ဒီးစ်တောင်တန်းဒေသ၌ ကိုကင်းထုတ်လုပ်ရန် စိုက်ပျိုးထားသော ကိုကာစိုက်ခင်းများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ ကိုကင်းဈေးကွက် ဥရောပတိုက်သို့ ဦးတည်ရွေ့လျား မှောင်ခိုလမ်းကြောင်းအဖြစ် အသုံးချခံရသောနိုင်ငံများ နစ်နာကြရ

ဗီယင်နာ ဇွန် ၂၅

အမေရိကန်ဒေါ်လာ ၈၈ဘီလီယံ တန်ကြေးရှိသော ကမ္ဘာ့ကိုကင်းဈေးကွက်သည် ဥရောပတိုက်သို့ ဦးတည်ရွေ့လျားနေပြီး ယင်း ကိုကင်းများကို ဖြတ်သန်းသယ်ဆောင်ရာ ကြားခံနိုင်ငံများတွင် ဆိုးဆိုးရွားရွား တည်ငြိမ်မှုပျက်ပြားနေကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် ကုလသမဂ္ဂအစီရင်ခံစာ တစ်စောင်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ကိုကင်းဈေးကွက် တည်နေရာ ရွှေ့ပြောင်းမှုကြောင့် ကိုကင်းများကို တရားမဝင် သယ်ဆောင်ရာလမ်းကြောင်းများလည်း ပြောင်းလဲလာကြောင်း ကုလသမဂ္ဂအစီရင်ခံစာကဆိုသည်။

အစီရင်ခံစာ၏ အဆိုအရ အင်ဒီးစ်တောင်တန်းဒေသနိုင်ငံများမှ ထွက်ရှိသော ကိုကင်းများသည် အာဖရိကတိုက်ကိုဖြတ်၍ ဥရောပတိုက်အတွင်းသို့ ပိုမိုဝင်ရောက်လျက်ရှိကြောင်းသိရသည်။ ကိုကင်းထုတ်လုပ်မှုများကြောင့် အင်ဒီးစ်တောင်တန်းဒေသနိုင်ငံများ၏ နဂိုရည် မပျက်သေးသည့် သစ်တောများ ပျက်စီးရပြီး အနောက်အာဖရိကနိုင်ငံများမှ အစိုးရအဖွဲ့များအတွင်း အကျင့်ပျက်မှုများပေါ် ပေါက်ခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။ ဥရောပတိုက်၏ ကိုကင်းသုံးစွဲသူဦးရေသည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း နှစ်ဆတိုးလာခဲ့ပြီး လက်ရှိ ဈေးကွက်၏ တန်ဖိုးမှာ ဒေါ်လာ ၃၄ဘီလီယံအထိ ရှိသည်ဟု ဆိုသည်။ ကိုကင်းသုံးစွဲသူ ဥရောပတိုက်သား လေးသန်းခန့်သည် ၂၀၀၈ ခုနှစ် စာရင်းဇယားများအရ ကမ္ဘာ့ကိုကင်းထွက်ရှိမှု၏ လေးပုံတစ်ပုံကို သုံးစွဲခဲ့ကြကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာသတင်းများ

အီရတ်၌ အသေခံဗုံးဖောက်ခွဲ၊ ငါးဦးသေဆုံး

မိုဆူးလ်(အီရတ်) ဇွန် ၂၅

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ ဇွန် ၂၄ ရက်က သီးခြားစီတိုက်ခိုက်မှုများ ဖြစ်ပွားရာ အသေခံဗုံးသမားသုံးဦး၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် စစ်ဘက်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူးလ်မြို့အနောက်ဘက် ဆွန်နီများလွှမ်းမိုးရာဒေသရှိ ရှီဖာရပ်ကွက်စစ်ဆေးရေးစခန်းဆီသို့ လမ်းလျှောက်လာသော အသေခံဗုံးခွဲသမား၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့ အရှေ့ဘက်ကမ်း လူမျိုးစုများ ရောနှောနေထိုင်သည့်ဒေသတွင် စစ်ဝတ်စုံဝတ်ဆင်ထားသော အသေခံဗုံးသမားနှစ်ဦးက စစ်အခြေစိုက် စခန်းတစ်ခုကို ဗုံးဖောက်ခွဲခဲ့ခြင်းကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း စစ်ဘက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံမြောက်ပိုင်းမိုဆူးလ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအား အီရတ်ရဲတပ်ဖွဲ့ ကွန်မန်ဒိုတစ်ဦး စစ်ဆေးစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်နှင့် လက်ဘနွန်မှ ကူညီရေးသင်္ဘောများ ဂါဇာသို့ မရောက်စေရန် ကာကွယ်မည်ဟု အစ္စရေးပြောကြား

ဂျေရုဆလင် ဇွန် ၂၅

လက်ဘနွန်နှင့်အီရန်နိုင်ငံတို့မှ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အထားများ တင်ဆောင်လာသည့် သင်္ဘောများကို ဂါဇာကမ်းမြောင်ဒေသသို့ မဝင်ရောက်နိုင်ရန် ကာကွယ်တားဆီးသွားမည်ဖြစ်ကြောင်း အစ္စရေးကြည်းတပ် အကြီးအကဲက အင်္ဂါနေ့တွင် ကြုံးဝါးလိုက်သည်။

ဂါဇာသို့လက်နက်များ ဝင်ရောက်မလာစေရန် စစ်ဆေးခွင့်၊ တားဆီးခွင့်ရှိကြောင်း၊ ဂါဇာဒေသကို အီရန်၏ ဆိပ်ကမ်းတစ်ခုအဖြစ် မည်သည့်အခါမျှ အရောက်ခံမည်ကြောင်း အစ္စရေးကာကွယ်ရေးဦးစီးချုပ် ဂါဘီအက်ရှ်ကီနာဇီက ပြောကြားသည်။

အီရန်နိုင်ငံမှ အကူအညီပစ္စည်းများ တင်ဆောင်ထားသော သင်္ဘောတစ်စင်းသည် ယခုရက်သတ္တပတ်အကုန်တွင် ပင်လယ်ကွေ့ဆိပ်ကမ်း ဆန်ဒါအဘာမှ ဂါဇာကမ်းမြောင်သို့ ၁၄ရက်ကြာခရီး ထွက်ခွာမည်ဖြစ်ကြောင်း အီရန်လခြမ်းနီအဖွဲ့ တာဝန်ရှိသူများက အင်္ဂါနေ့ စောစောပိုင်းတွင် ကြေညာခဲ့သည်။

ထို့အတူ လက်ဘနွန်အရပ်ဘက်အဖွဲ့အစည်းများကလည်း အစ္စရေးတို့ပိတ်ဆို့ထားသော ပါလက်စတိုင်းနယ်မြေသို့ ဆိုက်ပရပ်မှတစ်ဆင့် ထောက်ပံ့ရေးသင်္ဘောနှစ်စင်း စေလွှတ်ရန်စီစဉ်လျက်ရှိသည်။

လက်ဘနွန်နိုင်ငံမှ ထောက်ပံ့ရေးသင်္ဘောများလာခဲ့မည်ဆိုလျှင် အစ္စရေးနိုင်ငံအနေဖြင့် ရင်ဆိုင်မည်ဖြစ်ကြောင်း လက်ဘနွန် တို့က ငြိမ်းချမ်းစွာဆက်ဆံလျှင် ၎င်းတို့ကလည်း ငြိမ်းချမ်းစွာ ဆက်ဆံမှာ ဖြစ်ကြောင်း၊ လက်ဘနွန်တို့က ငြိမ်းချမ်းမှု မလိုလားလျှင် လိုအပ်သလို ဖြေရှင်းသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အန္တရာယ်အကြီးဆုံးစာရင်းဝင် အကြမ်းဖက်သမား အင်ဒိုနီးရှားရဲတပ်ဖွဲ့ ဖမ်းဆီး

ဂျကာတာ ဇွန် ၂၅

အင်ဒိုနီးရှားအစိုးရအတွက် အန္တရာယ်အကြီးမားဆုံး စစ်သွေးကြွတစ်ဦးဖြစ်သူ အဗ္ဗဒူလာဆွန်နာတာကို ၎င်း၏ ငယ်သားနှစ်ဦးနှင့်အတူ ဗုဒ္ဓဟူးနေ့က ဂျာဗားကျွန်း၌ ပြုလုပ်ခဲ့သော ရှာဖွေစီးနင်းမှုတစ်ရပ်အတွင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လွန်ခဲ့သည့်နှစ် ဇူလိုင်လအတွင်းက ဂျကာတာမြို့၌ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အင်ဒိုနီးရှားရဲတပ်ဖွဲ့များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

ဆွန်နာတာသည် အင်ဒိုနီးရှားနိုင်ငံ၏ အလိုအရှိဆုံး အကြမ်းဖက်သမားတစ်ဦးဖြစ်ပြီး ယခုနှစ်စောစောပိုင်းက အာချေးပြည်နယ်၌ စစ်သွေးကြွလေ့ကျင့်ရေးစခန်းများတည်ရှိနေကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီးနောက် ၎င်းကို အင်ဒိုနီးရှားအထူးတပ်ဖွဲ့များက သဲသဲမဲမဲ ရှာဖွေခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံတွင်းရှိ ပစ်မှတ်များကို မွမ်ဘိုင်းပုံစံတိုက်ခိုက်မှုများ လုပ်ဆောင်ရန် ကြံစည်ခဲ့သော စစ်သွေးကြွအဖွဲ့တွင် ဆွန်နာတာသည် အဓိကနေရာမှ ပါဝင်နေကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ယူဆထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

တောင်ဝါဇီရစ္စတန်ဒေသ၌ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

အစ္စလာမ္မာဘတ် ဇွန် ၂၅

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း တောင်ဝါဇီရစ္စတန်လူမျိုးစုဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကြာသပတေးနေ့ညပိုင်းက တောင်ဝါဇီရစ္စတန်ရှိ ဘာဒါဒေသတွင် ကင်းလှည့်နေသော လုံခြုံရေးတပ်ဖွဲ့ယာဉ်တစ်စီး ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသည်ဟု ဆိုသည်။

အခင်းဖြစ်ပွားသည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များ ပိတ်ဆို့ထားပြီး ဒဏ်ရာရရှိသောလုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံဆေးရုံသို့ တင်ပို့ခဲ့သည်။

အလားတူပင် ပါကစ္စတန်အနောက်မြောက်ပိုင်း ခဘောလူမျိုးစုဒေသတွင် အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဒေသ၌ စစ်သွေးကြွများ ထောင်ထားသောဗုံးအား ရှင်းလင်းဖယ်ရှားရန်ကြိုးပမ်းစဉ် တပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကိုလံဘီယာရေပြင်၌ တရားမဝင်ငါးဖမ်းမှုဖြင့် အီကွေဒေါနိုင်ငံသား ၁၉ ဦးကို ဖမ်းဆီး

ဘိုဂိုတာ ဇွန် ၂၅

ကိုလံဘီယာ ပစိဖိတ်ဇုန်ရေပြင်တွင် ကိုလံဘီယာကမ်းခြေစောင့်တပ်ဖွဲ့သည် တရားမဝင်ငါးဖမ်းနေသူ အီကွေဒေါနိုင်ငံသား ၁၉ဦးကို ဇွန် ၁၃ ရက်က ထိန်းသိမ်းခဲ့သည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံသား လေးဦးနှင့် အီကွေဒေါနိုင်ငံသား ၁၉ဦးကို သင်္ဘောတစ်စင်းဖြင့် ပင်လယ်ပြင်ငါးဖမ်းဆီးမှုဥပဒေကို ချိုးဖောက်ပြီး တရားမဝင်ငါးခိုးဖမ်းခဲ့သဖြင့် ထိန်းသိမ်းခဲ့ရသည်ဟု ကိုလံဘီယာရေတပ်မှ တပ်မှူး ဟာနန်ဒိုဝဲလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံအလံ လွှင့်ထူထားသော အဆိုပါငါးဖမ်းသင်္ဘောကို ကိုလံဘီယာနိုင်ငံ ဗျူနာဗန်တူရာဆိပ်ကမ်းသို့ ခေါ်ဆောင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၅ သန်းကျော်တန်ဖိုးရှိသည့် တရားမဝင်ဖမ်းဆီးထားသော ကျူနာငါးများအပါအဝင် ငါးအလေးချိန် ၁၀တန်ကျော်ကို သိမ်းဆည်းရမိခဲ့သည်ဟု ၎င်းကပြောကြားခဲ့သည်။

ကိုလံဘီယာရေပြင်တွင် တရားဝင်ငါးဖမ်းပိုင်ခွင့်ရှိသော်လည်း ကိုလံဘီယာ ပစိဖိတ်ဒေသတွင်းရှိ သဘာဝအလှဟု သတ်မှတ်ထားသော ရေပြင်ပိုင်နက်များတွင် ငါးဖမ်းခြင်းမပြုရန် တားမြစ်ချက်ကို အဆိုပါသင်္ဘောက ချိုးဖောက်ခဲ့သည်ဟု ဝဲလ်က ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံသားများကို ဖမ်းဆီးထားသည်ဟု ယင်းနိုင်ငံသံရုံးကို အကြောင်းကြားထားပြီးဖြစ်သလို ၎င်းတို့ကိုလည်း လူဝင်မှုကြီးကြပ်ရေးဌာနအာဏာပိုင်များထံသို့ လွှဲပြောင်းပေးခဲ့သည်။ တရားမဝင်ငါးဖမ်းသင်္ဘောများကို ကိုလံဘီယာနိုင်ငံ ကျေးလက်ဖွံ့ဖြိုးရေးဌာနသို့ လွှဲအပ်ခဲ့သည်ဟု ဝဲလ်ကပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ဝါဇီရစ္စတန်ဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂရိဝန်ကြီးဌာနအဆောက်အအုံ၌ ပါဆယ်ဗုံးပေါက်ကွဲ လုံခြုံရေးရဲအရာရှိသေဆုံး

အေသင် ဇွန် ၂၅

ဂရိနိုင်ငံသား ကာကွယ်စောင့်ရှောက်ရေးဝန်ကြီး မီချဲလ်လီခရစ်ဆိုဟိုင်ဒစ်က ၎င်း၏ဝန်ကြီးဌာနအတွင်း ပါဆယ်ဗုံးပေါက်ကွဲမှုကြောင့် ၎င်း၏လုံခြုံရေးအရာရှိတစ်ဦးသေဆုံးခဲ့ကြောင်း ကြာသပတေးနေ့ညပိုင်းက အတည်ပြု ပြောကြားသည်။

၎င်းဝန်ကြီးအား လက်ဆောင်အဖြစ်ပေးပို့သော ဗုံးထောင်ထားသည့် အထုပ်တစ်ထုပ်ကို လုံခြုံရေးရဲအရာရှိက လက်ခံခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးက ယင်းအထုပ်သည် ၎င်းအားရည်ရွယ်ပေးပို့ခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းဗုံးပေါက်ကွဲမှုဖြစ်ပွားချိန်၌ ဝန်ကြီးသည် ၎င်း၏ရုံးခန်းအတွင်းရှိနေကြောင်း ပြည်တွင်းသတင်းများက ဖော်ပြသည်။

သေဆုံးသူရဲအရာရှိ ရုံးခန်းသည် ဝန်ကြီးဌာနအဆောက်အအုံ၏ ခုနစ်ထပ်ရှိ ဝန်ကြီးရုံးခန်းဘေး၌ တည်ရှိသည်။

ဗုံးပေါက်ကွဲမှုကြောင့် တစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံနံရံများပြိုကျကာ ပြတင်းပေါက်များ ကွဲအက်ပျက်စီးခဲ့ကြောင်း ဂရိနိုင်ငံပိုင် ရုပ်မြင်သံကြားက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

(26-6)04.pmd 1 6/26/2010, 4:07 AM

အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့် Media သမားကောင်းဖြစ်ရေး လေ့ကျင့်ပျိုးထောင် အမျိုးသားအကျိုးစီးပွားကိုအခြေခံသည့် စစ်မှန်သောစတုတ္ထမဏ္ဍိုင်ဖြစ်လာရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ထမ်းများ၏ ကျောင်းနေ သား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့မှုများ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသည့် ဝန်ထမ်းများနှင့် စံပြစက်ရုံဆုရစက်ရုံတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေမန်နေဂျာများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆုရဝန်ထမ်း သားသမီး ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အောင်မြင်တိုးတက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကား ပြောကြားရာ၌ နှစ်ပတ်လည်နေ့အခမ်းအနားများကို ဌာနအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ချက်များ၏ အားနည်းချက်နှင့် အားသာချက်များကို သုံးသပ်ပြီး အားသာချက်ပိုမိုရရှိအောင် ဆောင်ရွက်ရန်နှင့် ပြီးခဲ့သောကာလအတွင်း လုပ်ငန်းတာဝန်များကို စေတနာထား၍ ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော စံပြဝန်ထမ်းများ၊ စက်ရုံများအား ဆုချီးမြှင့်ပြီး အနာဂတ်ကာလ၌ ယခုထက်ထူးချွန်ထက်မြက်သော စံပြဝန်ထမ်းများ၊ စက်ရုံများ ပေါ်ထွန်းလာစေရန်၊ လုပ်ငန်းပိုမိုအောင်မြင်တိုးတက်အောင်ဆောင်ရွက်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း။

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း ကဏ္ဍအလိုက် ဆုရရှိကြသည့် ပုံနှိပ်စက်ရုံများအတွက် ဆုများကို စက်ရုံမှူးများအား ပေးအပ်စဉ်။ (သတင်းစဉ်)

ပညာရေးနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ပညာ၊ နည်းပညာဖွံ့ဖြိုးတိုးတက်နေသော ခေတ်နှင့်အညီ အသိပညာနှင့် နည်းပညာများ ထူးချွန်ထက်မြက်အောင် ကြိုးစားလေ့လာသင်ယူစေလိုသည့် ရည်ရွယ်ချက်ဖြင့် ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ အောင်မြင်သော အနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥာဏ်၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ကြိုးစား သင်ယူသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများကလည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အစွမ်းကုန်ပါဝင်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန်ပါဝင်ဆောင်ရွက်ရန်၊ အသုံးစရိတ်များကို လျှော့ချပြီး ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်ရရှိရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်၊ Balanced Budget ဖြစ်အောင်ဆောင်ရွက်ရန်၊ နိုင်ငံတော်၏ မူဝါဒနှင့်အညီ မြန်မာစာပေမြှင့်တင်ရေးလုပ်ငန်းများနှင့် စာပေလောကနှင့် စာပေလောကသားများဘဝ တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ စာပေလောကသားများ အမျိုးသားအကျိုးစီးပွားဘက်မှ ပိုမိုပူးပေါင်းဆောင်ရွက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ထိရောက်သော Media ထိုးနှက်မှုများဖြစ်အောင် ဆောင်ရွက်ရန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကိုင်တွယ်နေသည့် ပုံနှိပ်စက်များအမြဲ Function ဖြစ်နေစေရေးနှင့် ရေရှည်အသုံးပြုနိုင်အောင် ဆောင်ရွက်ရန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများအားလုံး ခေတ်နှင့်အညီ တိုးတက်လာစေရေး ဆောင်ရွက်ရန်၊ လုပ်ငန်းအပ်နှံလာသော နိုင်ငံတော် အဖွဲ့အစည်းအသီးသီး၏ ပုံနှိပ်လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ အဘက်ဘက်မှ ခြိုးခြံချွေတာရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဇောက်ချဆောင်ရွက်ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေး တိုးမြှင့်ဆောင်ရွက်ရန်၊ အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသော Media သမားကောင်းများဖြစ်စေရေး လေ့ကျင့်ပျိုးထောင်ရန်၊ မြန်မာ့မီဒီယာလောကအား အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဟူသည့် ချမှတ်ပေးထားသော ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်မြင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ထမ်းများအနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေး မြင့်မားသော မီဒီယာသမားကောင်းများအဖြစ် အစဉ်ရပ်တည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀-၂၀၁၁ ခု ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေသားသမီးများအတွက် ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့ထံ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ စက်ရုံမှူးအား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ကဏ္ဍအလိုက် ဆုရရှိကြသည့် ပုံနှိပ်စက်ရုံများအတွက် ဆုများကို စက်ရုံမှူးများအားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးမောင်ဝင်းအား လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ ဌာနခွဲ ခြောက်ခုမှ ဝန်ထမ်းများသက်သာချောင်ချိရေး ဆောင်ရွက်နိုင်ရန် မတည်ငွေများကို စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေအား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဌာနကြီး ခြောက်ခုမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအား လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက နေပြည်တော် ပုံနှိပ်စက်ရုံ၊ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဗဟိုပုံနှိပ်စက်ရုံတို့မှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉-၂၀၁၀ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့မှု၊ သက်သာချောင်ချိရေးဆောင်ရွက်ပေးရန် ထောက်ပံ့ငွေ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ဆုရရှိသူများနှင့် စံပြစက်ရုံဆုရရှိသူများအား စုစုပေါင်း ငွေကျပ် ၂၂၅၇၅၀၀၀ ကို ချီးမြှင့်ထောက်ပံ့ပေးခဲ့သည်။ (သတင်းစဉ်)

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မွန်ပြည်နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျိုက်မရောမြို့နယ် စက်မှုဇုန်၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

မွန်ပြည်နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် စက်မှုဇုန်၌ ကျင်းပရာ မော်လမြိုင်ခရိုင် ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ဥက္ကဋ္ဌ ဦးအောင်နိုင်က အမှာစကားပြောကြားပြီး မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်ခိုင်က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ကျွန်း၊ ယူကလစ်နှင့် မဟော်ဂနီ စုစုပေါင်းအပင် ၁၈၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

(သတင်းစဉ်)

(26-6)05.pmd 1 6/26/2010, 4:07 AM

အချိန်မနှောင်းမီ . . . .

ယနေ့ကမ္ဘာ့ပတ်ဝန်းကျင်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ ပြဿနာများအား ၂၀ ရာစုနှစ် နှောင်းပိုင်းမှစတင်၍ ကမ္ဘာနှင့်တစ်ဝန်း အလေးပေး၍ ဆောင်ရွက်လာကြပါသည်။ ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ကမ္ဘာကြီး၏ သက်တမ်းသည် နှစ်သန်းပေါင်းများစွာကြာမြင့်ခဲ့သည့်အားလျော်စွာ လူဦးရေတိုးပွားလာမှု၊ လူတို့၏စားဝတ်နေရေး၊ ကူးသန်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေးစသည့် လူနေမှုစနစ်ပုံစံတို့သည်လည်း သိသာစွာ တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ ထိုကဲ့သို့ လူနေမှုစနစ် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မြေ၊ ရေ၊ လေနှင့်တကွ သဘာဝသယံဇာတပစ္စည်းများအား ထုတ်ယူသုံးစွဲမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားခဲ့ပါသည်။

ဤသို့ဖြင့် ကမ္ဘာကြီး၏ သဘာဝသယံဇာတအရင်းအမြစ်များ တဖြည်းဖြည်း ပြုန်းတီးလာခဲ့ပြီး ကမ္ဘာ့ပတ်ဝန်းကျင် ဖွဲ့စည်းမှုအခြေအနေများမှာလည်း တဖြည်းဖြည်း ယိုယွင်းပျက်စီးလာခဲ့ပါသည်။ ယင်းကဲ့သို့ ယိုယွင်းပျက်စီးမှုများကြောင့် ယနေ့အချိန်တွင် ကမ္ဘာကြီးပူနွေးလာခြင်း၊ မြေထု၊ ရေထု၊ လေထုများ ညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာ ပျက်စီးယိုယွင်းလာခြင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်ခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။

ကမ္ဘာ့လူဦးရေတိုးပွားလာမှုအခြေအနေ

ကမ္ဘာ့လူဦးရေစုစုပေါင်းသည် ၁၈ ရာစုခန့်တွင် သန်းပေါင်း ၁၀၀၀ ခန့် ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် သန်းပေါင်း ၆၀၀၀ ခန့်ထိ တိုးပွားလာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် သန်းပေါင်း ၇၁၀၀ ခန့်နှင့် ၂၀၅၀ ခုနှစ်တွင် သန်းပေါင်း ၈၉၁၀ ခန့်အထိ တိုးမြင့်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားပါသည်။ မြို့ပေါ်လူနေဦးရေမှာ ၁၉၅၀ ပြည့်နှစ်များတွင် သန်းပေါင်း ၇၅၀ ခန့် (စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း)ရှိခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် သန်းပေါင်း ၂၂၅၅ (စုစုပေါင်း၏ ၄၄ ရာခိုင်နှုန်း) သို့လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် သန်းပေါင်း ၂၈၅၀ ခန့် (စုစုပေါင်း၏ ၄၇ ဒသမ ၅ ရာခိုင်နှုန်း)သို့လည်းကောင်း တဖြည်းဖြည်း တိုးမြင့်လာခဲ့ပါသည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာသည်နှင့်အမျှ လူတို့၏ စားဝတ်နေရေး လိုအပ်ချက်များအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အထွေထွေဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြပါသည်။ အကျိုးဆက်အားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေခဲ့ပြီး ပတ်ဝန်းကျင် အရည်အသွေး ကျဆင်းလာရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုဆိုင်ရာ ပြဿနာများအား ဖြေရှင်းရာတွင် လူဦးရေတိုးပွားမှုနှုန်းကို ထိန်းညှိရန် အထူးလိုအပ်လှပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ တစ်နည်းအားဖြင့် ကမ္ဘာကြီးပူနွေးလာမှု၏ အဓိကအကြောင်းရင်းမှာ မှန်လုံအိမ်ဓာတ်ငွေ့များ (Green House Gas-GHG) လေထုထဲတွင် များပြားလာသောကြောင့် ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ် ကျိုတိုသဘောတူညီချက် (Kyoto Protocol) အရ ထုတ်လွှတ်မှုလျှော့ချရမည့် မှန်လုံအိမ်ဓာတ်ငွေ့ ခြောက်မျိုးမှာ ကာဗွန်ဒိုင်အောက်ဆိုဒ် (CO_2)၊ မီသိန်း(CH_4)၊ နိုက်ထရပ်အောက်ဆိုဒ်(N_2O)၊ ဟိုက်ဒရိုဖလူရိုကာဗွန် (Hydro-Fluro-Carbon-HFCs)၊ ပါဖလူရိုကာဗွန် (Perfluro-carbon-PFCs)နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက် (Sulphur hexafluoride-SF_6) တို့ ဖြစ်ပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့များအနက် အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုအတွင်း အဆမတန်များပြားလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာခြင်း ဖြစ်ပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တန်ချိန် ၈ ဒသမ ၅၀ ဘီလီယံတန်ခန့် ရှိခဲ့ရာမှ ၁၉၈၀ ပြည့်နှစ်တွင် တန်ချိန် ၁၃ ဒသမ ၈၅ ဘီလီယံသို့ လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် တန်ချိန် ၂၁ ဒသမ ၂၅ ဘီလံယံသို့ လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် တန်ချိန် ၂၄ ဒသမ ၃၆ ဘီလီယံသို့ လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် တန်ချိန် ၃၂ ဒသမ ၀၀ ဘီလီယံသို့ လည်းကောင်း တိုးမြင့်လာခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ၄၆ နှစ်ကာလအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လေးဆကျော် တိုးမြင့်လာခဲ့ပါသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များသည် အဓိကအားဖြင့် ရုပ်ကြွင်းလောင်စာများ (Fossil Fuel) ဖြစ်သည့် ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့များ လောင်ကျွမ်းရာမှ အများဆုံးထုတ်လွှတ်ခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အသုံးပြုလျက်ရှိသော လူစီးကားနှင့် ကုန်တင်ကားစုစုပေါင်းဦးရေမှာ ၁၉၈၀ ပြည့်နှစ်တွင် သန်း ၂၈၀ ရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ၉၀၅ သန်းထိ တိုးပွားခဲ့ပါသည်။ နှစ်စဉ် ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှုမှာ ၁၉၅၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၆ သန်းရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၇၀ ဒသမ ၉ သန်းအထိ ထုတ်လုပ်ခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာ့သဘာဝဓာတ်ငွေ့ (Natural gas) သုံးစွဲမှုအခြေအနေမှာ ၁၉၇၈ ခုနှစ်တွင် ကုဗမီတာ ဘီလီယံသန်း ၁၃၀၀ ခန့် သုံးစွဲခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ကုဗမီတာ ဘီလီယံ ၂၈၅၀ အထိ တိုးမြင့်သုံးစွဲခဲ့ပါသည်။ ကမ္ဘာ့ရေနံ (Oil) သုံးစွဲမှုမှာ ၁၉၃၀ ပြည့်နှစ်တွင် တစ်နေ့ပျမ်းမျှရေနံစည် ၅ ဒသမ ၅၀ သန်း (တစ်နှစ်ရေနံစည် နှစ်ဘီလီယံ)သုံးစွဲခဲ့ရာမှ ၁၉၇၅ ခုနှစ်တွင် ရေနံစည် ၅၅ ဒသမ ၈၀ သန်း (တစ်နှစ်ရေနံစည် ၂၀ ဒသမ ၄ ဘီလီယံ)သို့ လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ရေနံစည် ၈၃ ဒသမ ၇၃ သန်း(တစ်နှစ်ရေနံစည် ၃၀ ဒသမ ၆ ဘီလီယံ)သို့ တိုးချဲ့သုံးစွဲခဲ့ပါသည်။

ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုသည် ၁၉၉၄ ခုနှစ်တွင် ကီလိုဝပ်နာရီ ၁၂၈၅၂ ဘီလီယံခန့်ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ကီလိုဝပ်နာရီ ၁၇၄၅၂ ထိ တိုးမြင့်ထုတ်လုပ်သုံးစွဲခဲ့ပါသည်။ ထုတ်လုပ်သုံးစွဲမှု၏ သုံးပုံနှစ်ပုံခန့်မှာ ကျောက်မီးသွေးသုံး၍ လျှပ်စစ်ထုတ်လုပ်ခြင်းဖြစ်၍ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ အများဆုံးထုတ်လွှတ်ပေးလျက်ရှိပါသည်။ စက်မှုလက်မှုနည်းပညာများ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စွမ်းအင်မြောက်မြားစွာ ပိုမိုသုံးစွဲလာရသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုမှာလည်း ပိုမိုများပြားလာခဲ့ပြီး ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရုပ်ကြွင်းလောင်စာများအစား ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy)အား အစားထိုးသုံးစွဲနိုင်ရန် လိုအပ်ပါသည်။

ကမ္ဘာ့သစ်တောများအခြေအနေ

ဒုတိယအများဆုံး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်သည့် ရင်းမြစ်မှာ သစ်တောများ ပြုန်းတီးခြင်းကြောင့်ဖြစ်ပါသည်။ ကမ္ဘာကြီး၏ သစ်တောပြုန်းတီးမှုမှာ နှစ်စဉ်တိုးမြင့်လာလျက်ရှိရာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုမှာ စတုရန်းကီလိုမီတာ ၈၃ ဒသမ ၄၈ သန်းခန့် ရှိပါသည်။ တွက်ချက်မှုများအရ ကမ္ဘာ့အပူပိုင်းသစ်တောများသည် ကာဗွန် ၅၅၃ ဘီလီယံတန်၊ သမပိုင်းသစ်တောများသည် ကာဗွန် ၂၉၂ ဘီလီယံတန်နှင့် ဘိုရီရယ်သစ်တောများသည် ကာဗွန် ၃၉၅ ဘီလီယံတန် စုပ်ယူသိုလှောင်ထားပါသည်။ ကမ္ဘာ့သစ်တောများမှ ကာဗွန်စုပ်ယူသိုလှောင်ထားရှိမှု စုစုပေါင်း ပမာဏမှာ ဘီလီယံတန် ၁၂၄၀ ရှိပါသည်။ သစ်တောများတည်ရှိနေခြင်းသည် ကမ္ဘာ့လေထုအတွင်း ထုတ်လွှတ်လျက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့၏ ၂၀ မှ ၂၃ ရာခိုင်နှုန်းထိ စုပ်ယူသိုလှောင်ထားနိုင်သဖြင့် ကမ္ဘာကြီးပူနွေးလာမှုအား အတိုင်းအတာတစ်ခုအထိ ထိန်းကျောင်းပေးပါသည်။

မောင်စိမ်းလန်း(သစ်တော)

သစ်တောသစ်ပင်များသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်ပေးပြီး အောက်စီဂျင်ဓာတ်ငွေ့အား ထုတ်လုပ်ပေးသဖြင့် ကမ္ဘာ့ရာသီဥတုမျှတစေမှုကို များစွာအထောက်အကူပြုပါသည်။ ကမ္ဘာမြေတွင် သစ်တောများတည်ရှိမှုသည် လူသားများအသက်ရှင်နေထိုင်မှုနှင့် သစ်တောအတွင်း မှီတင်းနေထိုင်ကြသော တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံမျိုးကွဲတို့ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးနေစေရန် အဓိကအကျိုးပြု အထောက်အပံ့ပေးလျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးမှုနှင့်ရာသီဥတုပြောင်းလဲမှုအား ကုစားရန် သဘာဝသစ်တောများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

သဘာဝဘေးအန္တရာယ်များနှင့် ဆုံးရှုံးမှုများ

ရာသီဥတုပြောင်းလဲလာမှုနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ အဓိကပြဿနာတစ်ရပ်မှာ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် မကြာခဏ ရင်ဆိုင်နေရခြင်းပင်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များသည် ဆင်းရဲချမ်းသာမရွေး ကမ္ဘာ့အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် နေရာဒေသမရွေး ကျရောက်လျက်ရှိပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအဆင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Panel on Climate Change- IPCC) ၏ အစီရင်ခံစာအရ ၂၀ ရာစုနှစ်အတွင်း ကမ္ဘာကြီး၏ အပူချိန်သည် သုည ဒသမ ၆˚C (၁ ဒသမ၀˚F)တိုးမြင့်လာသည်ဟု ဆိုပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှု အချိုးအစားမှာလည်း သုည ဒသမ ၀၃၅ မှ သုည ဒသမ ၀၅၅ ရာခိုင်နှုန်းအထိ တိုးလာကြောင်းတွေ့ရှိရပါသည်။ သိပ္ပံပညာရှင်များက လူ၊ သတ္တဝါတို့ အသက်ရှင်နေထိုင်နိုင်ရန်အတွက် ကမ္ဘာ့လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ရှိသင့်သည့်ပမာဏမှာ ၀ ဒသမ ၀၃၅ ရာခိုင်နှုန်းသာ ရှိသင့်သည်ဟု ဆိုပါသည်။ IPCC ၏ တိုင်းတာချက်များအရ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပမာဏမှာ ၃၆၉ parts per million (PPM) ရှိခဲ့ရာမှ ၂၁ ရာစုကုန်ဆုံးချိန်တွင် ၅၄၀ PPM မှ ၉၇၀ PPM အထိ အချိုးအစားအားဖြင့် ၀ ဒသမ ၀၃၅ မှ ၀ ဒသမ ၀၆၃ အထိ ၈၀ ရာခိုင်နှုန်းခန့် တိုးမြင့်လာမည်ဖြစ်ရာ ကမ္ဘာ့အပူချိန်မှာလည်း ၁ ဒသမ ၄˚C မှ ၅ ဒသမ ၈˚C (၂ ဒသမ ၅˚F မှ ၁၀ ဒသမ ၄˚F)အထိ တိုးမြင့်လာဖွယ်ရှိသည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာကြီး၏ အပူချိန်တိုးမြင့်လာမှုကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်မှာ ၉ စင်တီမီတာမှ ၈၈ စင်တီမီတာအထိ (၃ ဒသမ ၅ လက်မ မှ ၃၄ ဒသမ ၃ လက်မ)အထိ တိုးမြင့်လာဖွယ်ရှိကြောင်း သိရပါသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူလှိုင်းများ ကျရောက်မှုသည် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးကိုများစွာ ထိခိုက်စေနိုင်ပါသည်။ ၁၉၉၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ ချီကာကိုနှင့် အီလီနွိုက်ပြည်နယ်များတွင် ငါးရက်ဆက်တိုက် အပူချိန် ၆˚C (၁၀˚F) အထိ တိုးမြင့်လာခဲ့သဖြင့် လူဦးရေ ၇၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရပါသည်။ ဥရောပတိုက်တွင် ၂၀၀၃ ခုနှစ်အတွင်း ကျရောက်ခဲ့သည့် အပူလှိုင်းဒဏ်ကြောင့် လူဦးရေ ၃၅၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြရပါသည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာမှုကြောင့် ပြင်းထန်သော ဟာရီကိန်းမုန်တိုင်းများ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ တိုင်ဖွန်းမုန်တိုင်းများ ဖြစ်ပေါ်လာ၍ အသက်အိုးအိမ်စည်းစိမ် မြောက်မြားစွာ ပျက်စီးပြီး ဆုံးရှုံးခဲ့ရပါသည်။ ၁၉၉၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူဦးရေ ၁၃၉၀၀၀ ခန့် သေဆုံးခဲ့ကြရပါသည်။ ၁၉၉၁ ခုနှစ်တွင်ပင် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် တိုက်ခတ်ခဲ့သော အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၇၀၀၀ ကျော် သေဆုံးခဲ့ပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံသည် တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုမကြာခဏ ခံရပြီး နှစ်စဉ်သေဆုံးသူဦးရေ ၅၀၀ မှ ၁၀၀၀ ခန့်အတွင်း ရှိပါသည်။ ၁၉၉၉ ခုနှစ်တွင် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အိန္ဒိယနိုင်ငံတွင် လူပေါင်း ၁၀၀၀၀ ခန့် သေဆုံးခဲ့ရပါသည်။

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀၀၀၀ ခန့် သေကျေပျက်စီးခဲ့ရပါသည်။ ၁၉၉၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် ဟွန်ဒူးရပ်စ်၊ နီကာရာဂွါ၊ ဂွါတီမာလာနှင့် အယ်လ်ဆာဗေးဒိုးနိုင်ငံများတွင် လူပေါင်း ၁၀၈၆၆ ဦး သေဆုံးခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှာပင် မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံ လူစီယားနား၊ မစ္စစ်စပီ၊ ဖလော်ရီဒါ၊ အယ်လ်ဘားမားနှင့် ဂျော်ဂျီယာပြည်နယ်များတွင် တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၂၈၃၆ ဦး သေဆုံးခဲ့ရပါသည်။ ၂၀၀၄ ခုနှစ်တွင် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သော ဆူနာမီ ဒီရေလှိုင်းဒဏ်ကြောင့် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် စုစုပေါင်း သေဆုံးဦးရေ ၂၂၆၀၀၀ ကျော်ရှိခဲ့သဖြင့် အာရှတွင် ကြီးမားသော ဘေးကပ်ကြီးတစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့ရပါသည်။ ၂၀၀၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဆူမတြားမြောက်ပိုင်း၌ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် သေဆုံးသူ ဦးရေ သိန်း ၂၀၀၀၀၀ ခန့်ထိ ရှိခဲ့ပါသည်။

လူနှင့်သတ္တဝါများ အသက်ရှင်နေထိုင်နိုင်ရန် လေနှင့်ရေသည် မရှိမဖြစ် လိုအပ်သည့် သဘာဝသယံဇာတများ ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်နှစ်ကုန်ပိုင်းတွင် ကမ္ဘာပေါ်၌ စုစုပေါင်း ရေကောင်းရေသန့် (Fresh Water) ရရှိနိုင်မှု ပမာဏမှာ ကုဗမီတာ ၄၃၅၀၇ ဘီလီယံခန့် ရှိပါသည်။ သစ်တောများပြုန်းတီးမှု၊ ကမ္ဘာကြီးပူနွေးလာမှုများကြောင့် ရေကောင်းရေသန့် ရရှိနိုင်မှု အခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာလျက်ရှိပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ရေဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် သောက်သုံးရေအတွက် ရေကောင်းရေသန့် မရရှိသည့် လူဦးရေစုစုပေါင်းမှာ သန်း ၁၀၃၀ ခန့်ရှိနေပြီး အရှေ့အာရှဒေသတွင် သန်း ၄၁၀ ခန့်၊ အာဖရိကတွင် ၃၂၅ သန်းခန့်၊ အရှေ့နှင့် အလယ်ပိုင်း ဥရောပတွင် သန်း ၄၀ ခန့်နှင့် အရှေ့အလယ်ပိုင်းဒေသတွင် ၃၅ သန်းခန့် အသီးသီးရှိပါသည်။ ယနေ့အချိန်တွင်ပင် စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ကမ္ဘာ့မြစ်ကြီးများမှ ထောက်ပံ့ပေးနိုင်သော ရေပမာဏထက် ၂၀ ရာခိုင်နှုန်း လိုအပ်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ရေလိုအပ်ချက်မှာ ၄၀ ရာခိုင်နှုန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

သဘာဝဘေးအန္တရာယ်ကြီးများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကမ္ဘာသူ၊ ကမ္ဘာသား သိန်းနှင့်ချီ၍ သေဆုံးခဲ့ကြရပြီး လူနေအိမ်ခြေ၊ မြေယာ၊ အခြားစီးပွားရေး အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများနှင့် ရာသီဥတုအားထိန်းညှိပေးသည့် သစ်တောကြီးများ ပျက်စီးဆုံးရှုံးခဲ့ကြရပါသည်။ စုစုပေါင်း ပျက်စီးဆုံးရှုံးရသည့် တန်ဖိုးများမှာ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အမေရိကန်ဒေါ်လာ ၃၉၀ ဘီလီယံခန့်နှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဒေါ်လာ ၄၀၀ ဘီလီယံခန့်ရှိသည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားပါသည်။ အထူးသဖြင့် ၂၀ ရာစုနှစ် နောက်ပိုင်းကာလများနှင့် ၂၁ ရာစုနှစ် အစောပိုင်းအချိန်ကာလများတွင် ကမ္ဘာသူ၊ ကမ္ဘာသားများအနေဖြင့် ပိုမိုဆိုးရွားသော သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရပြီး ၂၀၀၄ ခုနှစ်တွင် ဒေါ်လာ ၁၄၅ ဘီလီယံခန့်နှင့် ၂၀၀၅ ခုနှစ်တွင် ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း စီးပွားရေးပညာရှင်များက ဆိုပါသည်။

သစ်တောများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့အား ကာကွယ်တားဆီးပေးနိုင်သည့် အဓိကလုပ်ငန်းစဉ်များမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ အလျင်အမြန် လျှော့ချရေးနှင့် ကမ္ဘာ့သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးတို့ ဖြစ်ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များအား သိုလှောင်ထားခြင်းနှင့် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းထားခြင်းတို့သည် သစ်တောများမှရရှိသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်နှစ်ရပ် ဖြစ်ပါသည်။

သစ်တောများသည် လေထုအပူချိန်ကို များစွာ လျော့ကျစေခြင်း၊ မြေဆီလွှာ ပြုန်းတီးမှု လျော့ကျစေခြင်း၊ သန့်ရှင်းသော ရေအရင်းအမြစ်ရရှိစေခြင်း၊ သဲကန္တာရများ ဖြစ်ပေါ်မှုအား တားဆီးပေးခြင်း၊ ကမ်းရိုးတန်းဒေသများ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း စသည့် အကျိုးတရားများအား သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရရှိခံစားနိုင်မည် ဖြစ်ပါသည်။ သစ်တောများအား မှန်ကန်စွာ စနစ်တကျ စီမံအုပ်ချုပ်ပါက စဉ်ဆက်မပြတ် ဝင်ငွေရရှိ၍ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်ပါသည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူညီချက်များအား အခြေခံလျက် မြန်မာ့သစ်တောမူဝါဒနှင့်အညီ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ◆

အလုပ်သမားဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

အလုပ်သမားဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအနီးဝန်းကျင်၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်ပြီး ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။(ယာပုံ)

ထို့နောက် ဝန်ကြီးသည် အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီ ရုံးဝန်ထမ်းများ သတ်မှတ်ထားသောနေရာ အသီးသီး၌ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

စုပေါင်းစိုက်ပျိုး

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ကျွန်း၊ ယင်းမာ၊ ပျဉ်းကတိုး၊ သစ်ပိတောက်၊ မဟော်ဂနီ၊ သရက်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ နွယ်သာကီ၊ ပိန္နဲ၊ သဘော်၊ ဒန့်သလွန်နှင့် ကင်ပွန်းချဉ်ပင် စသည့်အပင်မျိုးစုံ စုစုပေါင်း ၁၉၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် လယ်ဝေးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော်လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော နေပြည်တော် လယ်ဝေးမြို့နယ် မိုးရာသီ စုပေါင်း သစ်ပင် စိုက်ပျိုးပွဲကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

နေပြည်တော်လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော နေပြည်တော်လယ်ဝေး မြို့နယ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် သတ်မှတ်နေရာ အသီးသီး၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ်ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၇၀၀ ခန့် တက်ရောက်၍ သတ်မှတ်နေရာများ၌ ကျွန်းနှင့် ယူကလစ်ပင်များကို စိုက်ပျိုးကြသည်။

ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ရန်ကုန်-မန္တလေး အမြန်လမ်း အောင်သာကျေးရွာ အုပ်စု မင်းရေးနှင့် ယက္ကန်းစင်ကျေးရွာတို့၌ တစ်ရွာတစ်ဧက ကျေးရွာပိုင် ယူကလစ် စိုက်ခင်း စီမံချက်အရ ယူကလစ်အပင် ၁၂၀၀ နှင့် လမ်းမကြီး ဝဲယာတို့၌ ကျွန်းပင် ၈၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မေ့မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် - အမွှာစုံထောက်(အပိုင်း-၁၅)**
၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -ချစ်တယ်ဆိုလာထား (ရန်အောင်၊ မြင့်မြတ်၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၁း၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၄၆)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆း၄၅ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ(အပိုင်း-၄၁)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အင်္ဂလိပ်စာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) -ဥရုဂွေးနှင့် တောင်ကိုရီးယား**
၂၃။ လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၄)
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

၂၇-၆-၂၀၁၀ ရက် (တနင်္ဂနွေနေ့)

၁။ **၀၁း၀၀ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ (Live) - အမေရိကန်နှင့် ဂါနာ**

◆ စာမျက်နှာ ၆ မှ

သဘာဝတောများ ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းစသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအား နှစ် ၃၀ အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိပါသည်။ အမြဲတမ်း သစ်တောနယ်မြေ (Permanent Forest Estate)များ တိုးချဲ့လျက် ရှိရာ ယနေ့အချိန်အထိ ၇၀၉၅၄ ဒသမ ၅၇ စတုရန်းကီလိုမီတာရှိပြီး နိုင်ငံ စုစုပေါင်း ဧရိယာ၏ ၂၇ ဒသမ ၁၆ ရာခိုင်နှုန်းထိ သတ်မှတ်ပြီး ဖြစ်ပါသည်။ သဘာဝထိန်းနယ်မြေ (Protected Areas) ဧရိယာသည်လည်း ၄၅၀၂၈ ဒသမ ၂၇ စတုရန်းကီလိုမီတာရှိပြီး နိုင်ငံဧရိယာ၏ ၅ ဒသမ ၅၆ ရာခိုင်နှုန်း ရှိနေပြီဖြစ်ပါသည်။

သစ်တောဦးစီးဌာနသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းရှိ ဒီရေတောများပြန်လည်ထူထောင်ရေးလုပ်ငန်းများ အပါအဝင် သဘာဝသစ်တောအမျိုးမျိုး၌ အဆင့်အတန်း လျော့ကျနေသောသစ်တောများတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ တန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောပြုန်းတီးနေသော တောများတွင်လည်း သစ်တောစိုက်ခင်းများကို အရှိန်အဟုန်ဖြင့် တည်ထောင်လျက်ရှိပါသည်။ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲ ထိန်းသိမ်းရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းဟူ၍ စိုက်ခင်းအမျိုးအစားများ ခွဲခြားလျက် စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြည့်ဆည်းရေး ရည်ရွယ်ချက်၊ ရည်မှန်းချက်များချမှတ်၍ အကောင်အထည် ဖော်လျက်ရှိပါသည်။

နှစ်စဉ်သစ်တောစိုက်ခင်း တည်ထောင်နှုန်းမှာ ဟက်တာ ၃၀၀၀၀ ကျော်ရှိပြီး ၂၀၀၉ ခုနှစ် အကုန်အထိ သစ်တောစိုက်ခင်းဧရိယာ ၈၃၈ ၆၄၂ ဟက်တာ စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါသည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ၂၀၀၆ ခုနှစ်မှစတင်၍ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ခွင့်ပြုခဲ့ရာ ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၄၉၈၀၉ ဟက်တာ ၁၂၃၀၂၉ ဧက၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၄၅၄၆ ဟက်တာ ၃၅၉၂၈ ဧက တည်ထောင်ပြီးဖြစ်ပါသည်။ ယင်းစိုက်ခင်းများသည် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထု၏အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရုံမျှသာမက သဘာဝတောများ ပြုန်းတီးမှုနှုန်း ကျဆင်းသွားစေရန် အထောက်အပံ့ ပြုလျက်ရှိပါသည်။

သစ်တောစိုက်ခင်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း အကျိုးပြုလျက်ရှိရာ လေ့လာမှုများအရ ကျွန်းစိုက်ခင်းများသည် တစ်ဟက်တာလျှင် နှစ်စဉ်ပျမ်းမျှ ကာဗွန် ၄ ဒသမ၅ မှ ၁၀ ဒသမ ၉ တန်ထိ လည်းကောင်း၊ သစ်မာစိုက်ခင်းများဖြစ်သည့် ပျဉ်းကတိုး၊ ပိတောက်၊ သင်းဝင်၊ ယမနေ၊ ယင်းမာ၊ ထောက်ကြံ့စိုက်ခင်းများသည် တစ်ဟတ်တာလျှင် နှစ်စဉ် ပျမ်းမျှ ကာဗွန် ၃ ဒသမ ၉ မှ ၅ဒသမ ၉တန်ထိ လည်းကောင်း စုပ်ယူသိုလှောင်နိုင်စွမ်း ရှိပါသည်။

သစ်တောဦးစီးဌာနသည် ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပြည်သူများကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်စေရန် ရည်ရွယ်လျက် ကျေးလက်အိမ်ရာ ထူထောင်ရေးစိုက်ခင်းများကို နိုင်ငံနှင့်တစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စုပေါင်း ၁၁၆၅၀၈၉ အတွက် တစ်အိမ်ထောင်ကျွန်းသုံးပင်နှုန်းဖြင့် ၃၅၄၄၈၂၃ပင်၊ အိမ်ထောင်စုပေါင်း ၃၀၆၅၂၅ အတွက် တစ်အိမ်ထောင်သစ်မာ(ယူကလစ်) အပင်၂၀ နှုန်းဖြင့် အပင် ၆၂၁၇၅၉၀ စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါသည်။ သစ်တောဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်သော စီးပွားရေးစိုက်ခင်းများ၏ တစ်ဧကစိုက်ပင်ပမာဏမှာ အပင် ၅၄၀ ဖြစ်သဖြင့် တစ်အိမ်ထောင်ကျွန်း သုံးပင်နှုန်းဖြင့် စိုက်ပျိုးထားသည့် အပင်အရေအတွက်သည် သစ်တောစိုက်ခင်း ၆၅၆၅ ဧက တည်ထောင် စိုက်ပျိုးသည်နှင့် ညီမျှပါသည်။

တစ်အိမ်ထောင်သစ်မာ(ယူကလစ်)အပင် ၂၀ နှုန်းဖြင့် စိုက်ပျိုးထားသည့် အပင်အရေအတွက်သည် သစ်တောစိုက်ခင်း ၁၁၅၁၄ ဧကတည်ထောင် စိုက်ပျိုးသည်နှင့် ညီမျှပါသည်။ ထို့အပြင် ကျေးရွာပေါင်း ၃၈၃၂ အတွက် ကျေးရွာတစ်ရွာသစ်တောစိုက်ခင်း တစ်ဧကနှုန်းဖြင့် စိုက်ခင်း ၃၈၃၂ ဧက ၂၁၀၅၄၀၆ ပင် စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သစ်တောဦးစီးဌာန၏ ပံ့ပိုးကူညီမှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ကျေးလက်အိမ်ရာထူထောင်ရေးစိုက်ခင်း ၂၁၉၁၁ (ဧက ၈၈၇၁ ဟက်တာ) အောင်မြင်စွာတည်ထောင်နိုင်ခဲ့ပါသည်။

သစ်တောစိုက်ခင်းများ အောင်မြင်စွာတည်ထောင်နိုင်သကဲ့သို့ စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းရန်လည်း လိုအပ်ပါသည်။ နှစ်စဉ်စိုက်ပျိုးရန်လည်း လိုအပ်ပါသည်။ ကျေးလက်နှင့် မြို့ပြဒေသနေပြည်သူများအားလုံး၊ ကျေးရွာများအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်လျက် စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သစ်တောဦးစီးဌာနမှ ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်အိမ်ရာထူထောင်ရေးစိုက်ခင်း စီမံချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကိုယ်ပိုင်အစီအစဉ်ဖြင့် သစ်ပင်စိုက်ပျိုးကြရန်လည်း လိုအပ်ပါသည်။ မိမိ၏မွေးနေ့၊ မိမိ၏ချစ်သူခင်သူများမွေးနေ့၊ ဘဝအမှတ်တရနေ့၊ နှစ်သစ်ကူးနေ့၊ သစ်ပင်စိုက်ပျိုးရေးနေ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် နေ့ထူးနေ့မြတ်များတွင် သစ်ပင်စိုက်ပျိုးခြင်း အလေ့အထများဖွံ့ဖြိုးစေရန်နှင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကုသိုလ်ယူကြသည့် အလေ့အထများ ပြည်သူများအကြား ကျယ်ပြန့်စွာပျံ့နှံ့စေရန် စည်းရုံးကြရမည်ဖြစ်ပါသည်။

အချိန်မနှောင်းမီ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ရေရှည်လုပ်ငန်းများဖြစ်ပါသည်။ လူတစ်ဦး၊ မိသားစုတစ်စု၊ စီးပွားရေးကုမ္ပဏီတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ အထိန်းအကွပ်မရှိ ထုတ်လွှတ်နေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် နယ်စည်းမခြားဘဲ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့အကျုံးဝင်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ယိုယွင်းမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များသည်လည်း ကမ္ဘာ့နေရာ ဒေသအသီးသီးတွင် အချိန်မရွေးကျရောက်လျက်ရှိပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူတိုင်း၊ အဖွဲ့အစည်းတိုင်း၊ နိုင်ငံတိုင်းတွင်တာဝန်ရှိပါသည်။ စီမံကိန်းအဆင့်၊ အမျိုးသားအဆင့်မှသည် ဒေသတွင်းအဆင့်နှင့် တစ်ကမ္ဘာလုံးအဆင့်အထိ ရည်မှန်းချက်များထားကာ အသိစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ လက်ရှိရင်ဆိုင်နေကြရသော ရာသီဥတု ပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ "လှိုင်းကြီး လှေအောက်၊ တောင်ကြီးဖဝါးအောက်"ဆိုသကဲ့သို့ လူသာလျှင် ပဓာနဖြစ်ပါသည်။ လူ့စွမ်းအားဖြင့် အရာရာကို စွမ်းဆောင်နိုင်ခဲ့ကြသည်။ ကျောက်ခေတ်၊ သံခေတ်မှသည် စိုက်ပျိုးရေးခေတ်၊ စက်မှုခေတ်နှင့် ယနေ့အချိန်တွင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာခေတ်၊ ဇီဝနည်းပညာခေတ်သို့တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

လူ့သမိုင်းတစ်လျှောက်ကြုံခဲ့ရသည့် အခက်အခဲ၊ ပြဿနာအမျိုးမျိုးအား လူသားများ၏ ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ ဝီရိယစွမ်းအားတို့ဖြင့် ဖြတ်ကျော်ခဲ့ကြပါသည်။ ၂၁ ရာစုတွင် လူသားများဖြေရှင်းရမည့် အရေးကြီးဆုံးသော ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဖြစ်ပါသည်။ လူသားများ၏ စွမ်းအားဖြင့် ပူးပေါင်းဖြေရှင်းကြရပါမည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းဖြင့် ကမ္ဘာ့ပတ်ဝန်းကျင် ယိုယွင်းမှုများအား အချိန်မနှောင်းမီကုစားကြရပါမည်။ "ယခုအချိန်သည် သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်"ဆိုသည့် ဆိုရိုးရှိသည့်အတိုင်း-

အချိန်မနှောင်းမီ ယခုပင် ကျွန်ုပ်တို့အတွက် သစ်ပင်များစိုက်ပျိုးကြပါစို့။

အချိန်မနှောင်းမီ ယခုပင် ကျွန်ုပ်တို့၏ မျိုးဆက်သစ်များအတွက် သစ်ပင်စိုက်ပျိုးကြပါစို့။

အချိန်မနှောင်းမီ ယခုပင် ကျွန်ုပ်တို့ကမ္ဘာမြေကြီးအတွက် သစ်ပင်စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။ ။

စွမ်းအင်ဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ၂၀၀၉-၂၀၁၀ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စွမ်းအင်ဝန်ကြီးဌာနရှိ ပညာသင်ကြားဆဲ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်းနှင့် ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပညာရည်ချွန်ဆုရ ဝန်ထမ်းသားသမီးများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ဒုတိယဝန်ကြီး ဦးသန်းဌေး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ၎င်းတို့၏ မိဘဝန်ထမ်းများနှင့် ထူးချွန်ဆုရဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။ ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၄ ဦးတို့အားလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သော သင်တန်းများတွင် ထူးချွန်ဆုရဝန်ထမ်း ၁၁ ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မအိချိုစင်က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပညာသင် ထောက်ပံ့ကြေးများကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှ စတင်၍ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်အထိ ပညာသင်ထောက်ပံ့ကြေးများ နှစ်စဉ်ပေးအပ်ခဲ့ရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၉၉သန်း ကျော်ကို ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲတွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးနိုင်အား တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Juvencio De Jesus Martins သည် ဇွန် ၂၂ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါဝန်ကြီးရုံး ဝန်ကြီးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ - တီမောလက်စ်တေ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ **ကျောဖုံးမှ**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၁၀ ခုနှစ် မတ် ၃၁ ရက်က မကွေးမြို့ရှိ မကွေးစက်မှုနယ်မြေသို့ သွားရောက်စစ်ဆေးသည့် ခရီးစဉ်အတွင်း "မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့် ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်နိုင်အောင် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးစားသွားကြရန်လိုကြောင်း။

ယခင်က ဘီ-၆၀၀၊ တီ-၂၀၀၀၊ တီအီး-၁၁ စသည်ဖြင့် မော်တော်ယာဉ်အမျိုးမျိုးကို ထုတ်လုပ်ခဲ့ကြသော်လည်း ပိုင်ပိုင်နိုင်နိုင်၊ ကျွမ်းကျွမ်းကျင်ကျင် ယာဉ်တစ်စီးလုံး ထုတ်လုပ်သည့်အဆင့်အထိ ဖြစ်ပေါ်အောင် အစီအမံများကို ခိုင်ခိုင်မာမာ မလုပ်နိုင်ခဲ့ကြကြောင်း။

ယခု ကုန်တင်မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းကို နည်းပညာရယူနိုင်သည့် မိခင်ဗဟိုဌာနအဖြစ် ခံယူ၍ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကို ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မော်တော်ယာဉ် ထုတ်လုပ်သည့် လုပ်ငန်းနှင့် ဆက်စပ်နေသော အခြားစက်မှုလုပ်ငန်းများကိုလည်း သာဂရစက်မှုနယ်မြေ၌ တည်ဆောက်ထူထောင်ထားပြီးဖြစ်၍ အောင်မြင်အောင် ပေါင်းစပ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

မော်တော်ယာဉ် ထုတ်လုပ်သည့် လုပ်ငန်းကို နိုင်ငံတော်အပိုင်းက ဆောင်ရွက်ရုံသာမဟုတ်ဘဲ ဒေသအလိုက် ပုဂ္ဂလိကစက်မှုဇုန်များမှ လုပ်ငန်းရှင်များက နည်းပညာရောက်ရှိအောင် ဆက်လက်လွှဲပြောင်းပေးနိုင်ရန် အရေးကြီးပြီး ယင်းပုဂ္ဂလိကလုပ်ငန်းရှင်များကိုယ်တိုင် မော်တော်ယာဉ်များကို ပိုင်ပိုင်နိုင်နိုင် ထုတ်လုပ်လာနိုင်အောင် ကြိုးစားကူညီ စောင့်ရှောက်သွားရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်း၊ ပညာရှင်အပိုင်းနှင့် ပြည်သူအပိုင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်း" ဖြင့် မှာကြားလမ်းညွှန်ခဲ့သည်။

ပခုက္ကူစက်မှုဇုန်အတွင်း ရောက်ရှိခိုက် ကျွန်တော်တို့သည် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ထုတ်လုပ်နေမှုကိုလည်း ကြည့်ရှုလေ့လာခဲ့ကြသေးသည်။

"ကျွန်မတို့စက်ရုံက ထုတ်လုပ်တဲ့ ဆိုင်ကယ်တွေမှာ ဆိုင်ကယ် အစိတ်အပိုင်းများဖြစ်တဲ့ ခြေနင်း၊ လက်ကိုင်၊ ကိုယ်ထည်၊ ဆီတိုင်ကီ၊ ခြေတင်၊ ခွထောက်၊ ကယ်ရီယာ၊ ဆိုင်ကယ်ဇက်များ အပါအဝင် ဆိုင်ကယ်တစ်စီးလုံးမှာ ပြည်တွင်းက စက်အစိတ်အပိုင်း ၆၅ ရာခိုင်နှုန်းနဲ့ တပ်ဆင်ထုတ်လုပ်ထားပါတယ်"

မအယ်နီမျိုး
မန်နေဂျာ
ဇော်ဆိုင်ကယ်
ထုတ်လုပ်ရေး

မော်တော်ယာဉ်ထုတ်လုပ်မှုအနေဖြင့် ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး ပခုက္ကူဂျစ်နှင့် Mazda ဂျစ်ကိုးစီး စတင်ထုတ်လုပ်ခဲ့သည်။ ဆက်လက်၍ဝက်ဂွန် Truck နှင့် Super Truck အပါအဝင် ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ယာဉ်စီးရေ ၃၉၀ ထုတ်လုပ်ခဲ့သည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင်မူ ၁၇၁ စီး၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၃၇ စီး ထုတ်လုပ်ခဲ့သည်။

မော်တော်ဆိုင်ကယ် များကိုမူ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စီးရေ ၈၀၀၀၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် စီးရေ ၁၁၁၀၀ နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စီးရေ ၁၀၀၀၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့သည်။

ချင်းတွင်း နဂါးများကုမ္ပဏီ၊ ဇော်ဆိုင်ကယ်ထုတ်လုပ်ရေးမှ မန်နေဂျာ မအယ်နီမျိုးက "စက်ရုံကို ၂၀၀၇-၂၀၀၈ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး Mode1-1 အဖြစ် 90 နဲ့ Model-2 ဖြစ်တဲ့ (125)R အမျိုးအစား ဆိုင်ကယ် စီးရေ ၂၀၀၀ ကို စတင်ထုတ်လုပ်ခဲ့ပါတယ်။ ဆက်လက်ပြီး Model-3 အဖြစ် 110 နဲ့ Model-4 ဖြစ်တဲ့ (125)X တို့အပါအဝင် လက်ရှိ Model လေးမျိုး ထုတ်လုပ်လျက်ရှိပါတယ်။

၂၀၀၈-၂၀၀၉ ခုနှစ်မှာ စီးရေ ၅၁၀၀ နဲ့ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ စီးရေ ၄၀၀၀ ထုတ်လုပ်ပြီးပါပြီ။ လက်ရှိမှာ ဒေသအခေါ် ရုပ်ဆိုးလို့ခေါ်တဲ့ (125)X အမျိုးအစား Model က အရောင်းသွက်နေပါတယ်။ လက်ရှိဈေးနှုန်းတွေကတော့ လိုင်စင်ပါပြီး ပျမ်းမျှ ငါးသိန်း၊ ခြောက်သိန်းနဲ့ ခုနစ်သိန်းကျော် ဖြစ်ပါတယ်။

စက်ရုံမှာ ဒေသခံ အလုပ်သမားအများစုအပါအဝင် လုပ်သား ၅၀ ရှိပါတယ်။ စက်ရုံမှာပဲ ဆိုင်ကယ် ခြေနင်း၊ ခြေတင်၊ လက်ကိုင်၊ ခွထောက်၊ ဆီတိုင်ကီ၊ ကယ်ရီယာ၊ ကိုယ်ထည် စတဲ့ အစိတ်အပိုင်းများ အပါအဝင် ပြည်တွင်းဖြစ် ၆၅ ရာခိုင်နှုန်းအထိ ထုတ်လုပ်ပြီး စက်ရုံထုတ်ဆိုင်ကယ်တွေမှာ တပ်ဆင်အသုံးပြုနေပါတယ်။

ဆိုင်ကယ်ဇက်ပိုင်းကိုလည်း အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သလို ဆိုင်ကယ်သံချေးချွတ်စက်နဲ့ ၁၀ မိနစ်အတွင်း ဆိုင်ကယ်ကိုယ်ထည် ၁၂ စီးကို သံချေးချွတ်ပေးနိုင်ပါတယ်။ ဆိုင်ကယ်ဆေးသားပိုမိုခိုင်ခံ့လှပရေးအတွက်လည်း ဆေးပေါင်းခန်းအပါအဝင် စက်ရုံမှာပဲ စက်ကိရိယာပစ္စည်း အပြည့်အစုံနဲ့ ထုတ်လုပ်ပေးနေပါပြီ" ဟု ပြောကြားပါသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်များအတွင်း ပျံ့နှံ့စွာတည်ရှိနေပြီး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော စက်မှုလုပ်ငန်းများကို စနစ်တကျ လုပ်ငန်းအုပ်စုအလိုက် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် စက်မှုဇုန်များ ဖော်ထုတ်ကာ မြေတောင်မြှောက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

သို့မို့ကြောင့် ယခုဆိုပါမူ ပြည်နယ်နှင့်တိုင်းရှိ မြို့ကြီးပြကြီးများတွင် စက်မှုဇုန်ပေါင်း ၁၈ ဇုန်နှင့် စက်မှုလက်မှုရပ်ကွက်များ ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီး သွင်းကုန်အစားထိုး အရည်အသွေးမီ စက်မှုထုတ်ကုန်များကို တွင်ကျယ်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိသည်ကို ပခုက္ကူစက်မှုဇုန်ကို ပမာပြု၍ တင်ပြလိုက်ရပါသည်။ ။

ချင်းတွင်းနဂါးများ ကုမ္ပဏီ ဇော်မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သော (125) X Model-4 (ဒေသအခေါ် -ရုပ်ဆိုး) ဆိုင်ကယ်များ။

ပခုက္ကူစက်မှုဇုန်မှ ထုတ်လုပ်သော မော်တော်ယာဉ်များကို တွေ့ရစဉ်။

ကျေးလက် ကျောက်ချောလမ်း ကွင်းဆင်းတိုင်းတာ

ရွှင် ဇွန် ၂၅

ရွှင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအရာရှိတို့ ဇွန် ၁၆ ရက်တွင် ရွှင်မြို့နယ် စင်ဆာပြားကျေးရွာနှင့် ရပ်စောက်မြို့နယ် နောင်ဝိုးကျေးရွာသို့ ဆက်သွယ်ထားသော အရှည်ငါးမိုင်ခန့်ရှိ ကျေးလက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်း လေ့လာ တိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲကို ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဦးထောင်ဘိုအဝိုင်းအနီး၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

၂၀၁၀ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဦးထောင်ဘိုအဝိုင်းအနီး၌ ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဂုဏ်ပြုစာတမ်းဖတ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်သွင်း

စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် အရှေ့တိုင်းပညာဌာနမှူး (အငြိမ်းစား) ပါမောက္ခ ဒေါက်တာဒေါ်ခင်သိန်းက ဆောင်ရွက်ပြီး စာတမ်းရှင်များဖြစ်ကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)စာပေပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာလဲ့လဲ့အောင်က "မြန်မာအမျိုးသမီး အနုပညာရှင်များ၏ နိုင်ငံဂုဏ်ပြုစွမ်းဆောင်မှုများ" စာတမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်အေးကြည်က "သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အမျိုးသမီးများ ဝိုင်းဝန်းကူညီပေး" စာတမ်းနှင့် ဥပဒေရေးရာ လေ့လာအကြံပြုရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမျိုးသမီးများ၏ လက်ထပ်ထိမ်းမြားရေးဆိုင်ရာ အခွင့်အရေး" စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ရုပ်သိမ်း

ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်အေးကြည်က "သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အမျိုးသမီးများဝိုင်းဝန်းကူညီပေး" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။

(သတင်းစဉ်)

တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများ နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သည့် တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ၊ ဒေါ်မြသီဂီနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်တို့အား ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် အဖွဲ့ဝင်များက ပြပွဲအောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ကြပြီး ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သည့် တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများအား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် အဖွဲ့ ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

(ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ဆန္ဒောဝါဒ"သုတ္တန်တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	(၃၇) နှစ်မြောက်အာစရိယပူဇော်ပွဲ 1st Matsushima Cup Full Contact Kyokushin Karate Tourment Myanmar
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၈)**
၈း၃၀	သလ္လာဝတီမြို့တော်မှသန်းကုဋေအောင်၏ မြတ်သောအလှူ
၈း၅၅	ပဲခူးတိုင်းအတွင်းမိုးစပါးစိုက်ပျိုးမှုအတွက် IBTC မှ
၉း၁၅	Activities In The City (အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ)
၉း၃၅	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၃၀	မြင်ကွင်းထဲမှရိုက်ချက်များ
၁၀း၄၀	ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၁၀း၅၀	သွားမယ်စားမယ် (ရွှေစားဖွယ်စုံ)
၁၁း၂၅	အဓိဋ္ဌာန်ပြုကာဆုခြွေမည် ဦးရာဇ်တော်စေတီ
၁၁း၄၀	အမွန်မြတ်ဆုံးလက်ဆောင် [နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ] (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၂း၀၅	လောကအလင်းရောင် ဝိပဿနာဉာဏ်တန်ဆောင်
၁၂း၁၅	လောကီလောကုတ္တရာ နှစ်ဖြာ ချမ်းသာဝိသာခါ
၁၂း၃၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၃) (အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ)
၁း၀၀	"ဆန္ဒောဝါဒ"သုတ္တန်တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (Romantic Couple-1)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၈)**
၄း၀၅	Activities In The City (အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ)
၄း၂၅	ပဲခူးတိုင်းအတွင်းမိုးစပါးစိုက်ပျိုးမှုအတွက် IBTC မှ
၄း၄၅	Shooting Making (အမုန်းရဲ့အတ္ထုပ္ပတ္တိ)
၅း၀၅	သလ္လာဝတီမြို့တော်မှ သန်းကုဋေအောင်၏ မြတ်သောအလှူ
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	သွားမယ်စားမယ် (ရွှေစားဖွယ်စုံ)
၆း၄၅	ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း)(အပိုင်း-၂)
၇း၁၅	Fashion Music Festival (Romantic Couple-1)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၈း၅၅	သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၉း၁၅	လောကအလင်းရောင် ဝိပဿနာဉာဏ်တန်ဆောင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၈)**
၁၀း၀၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၃) (အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ)
၁၀း၂၅	Sports World
၁၀း၄၅	မြင်ကွင်းထဲမှရိုက်ချက်များ
၁၀း၅၅	(၃၇)နှစ်မြောက်အာစရိယပူဇော်ပွဲ 1st Matsushima Cup Full Contact Kyokushin Karate Tourment Myanmar
၁၁း၁၀	ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း)(အပိုင်း-၂)
၁၁း၄၀	Shooting Making (အမုန်းရဲ့အတ္ထုပ္ပတ္တိ)
၁၁း၅၅	သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၁၂း၁၅	ကဏ္ဍစုံလင်အားကစား အစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ဇွန် ၂၂ ရက်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Zeljko Bosnjak လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဥဿာယူနိုက်တက်နှင့် ဇေယျာရွှေမြေတို့ နိုင်ပွဲများရ

ရန်ကုန် ဇွန် ၂၅

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက ဆက်လက်ကျင်းပရာ သုဝဏ္ဏကွင်း၌ ဥဿာယူနိုက်တက်အသင်းက ရတနာပုံအသင်းကို လေးဂိုး-နှစ်ဂိုး၊ အောင်ဆန်းကွင်း၌ ဇေယျာရွှေမြေအသင်းက မကွေးအသင်းကို သုံးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရရှိသွားသည်။

(သုဝဏ္ဏကွင်း)
ဥဿာယူနိုက်တက်-လေးဂိုး
(ဇော်မျိုးသက်နှင့် အောင်စိုးပိုင်-နှစ်ဂိုးစီ)
ရတနာပုံ-နှစ်ဂိုး
(နိုင်နိုင်မင်းနှင့် ရဲကိုဦး)

ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသော်လည်း ဥဿာယူနိုက်တက်အသင်းသည် ဒုတိယပိုင်းပြန်အစ ၁၅ မိနစ်အတွင်း သုံးဂိုးဆက်တိုက်သွင်းယူကာ ရတနာပုံကို ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထွန်းထွန်းဝင်း၊ ရဲကိုဦး၊ စိုးကျော်ကျော်တို့ ဦးဆောင်လာသည့် ရတနာပုံအသင်းမှာ ဥဿာယူနိုက်တက်ကို အသာစီးကစားနိုင်ခဲ့ခြင်းမရှိဘဲ အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်ပြိုင်ပွဲကတည်းက ရလဒ်ကောင်းများမရရှိခဲ့သည့် ရတနာပုံအရန်အသင်းမှာ ယခုနှစ်ပြိုင်ပွဲတွင်လည်း နှစ်ပွဲကစားအပြီး၌ တစ်မှတ်သာရရှိသေးရာ လာမည့်ပွဲစဉ်များတွင် ရှန်းကန်ရတော့မည်ဖြစ်သည်။

မနောမြေအသင်းနှင့် သရေကျခဲ့သောပွဲစဉ်ထက် ခြေစွမ်းပိုကောင်းခဲ့ပြီး ၁၉ မိနစ်တွင် ဇော်မျိုးသက်က ပယ်နယ်တီမှ တစ်ဆင့် အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရ၍ ရတနာပုံအသင်းတိုက်စစ်အားမြင့်လာပြီး ၃၅ မိနစ်တွင် နိုင်နိုင်မင်းက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

ဒုတိယပိုင်းပြန်အစတွင် ဥဿာအသင်းက တောက်လျှောက်ဖိကစားသွားပြီး ၄၉ မိနစ်တွင် ဇော်မျိုးသက်က ဒုတိယဂိုး၊ ၅၁ မိနစ်နှင့် ၅၉ မိနစ်တွင် အောင်စိုးပိုင်က နှစ်ဂိုး ထပ်မံသွင်းယူသွားသည်။ မိနစ်ပိုင်းအတွင်း သုံးဂိုးဆက်ပေးလိုက်ရ၍ ရတနာပုံအသင်း ချေပဂိုးရရန် ပြန်လည်ကြိုးစားလာသော်လည်း ဥဿာအသင်းက ထိန်းကစားနိုင်ခဲ့သည်။ ရတနာပုံအတွက် ဒုတိယချေပဂိုးကို မိနစ် ၇၀ တွင် ရဲကိုဦးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)
ဇေယျာရွှေမြေအသင်း-သုံးဂိုး
(မျိုးကျော်၊ အောင်မြင့်ထွန်းနှင့် စိုးပြည်သွေး)
မကွေးအသင်း- နှစ်ဂိုး
(ပေါ်ထွန်းကျော်နှင့် မျိုးဇော်ဦး)

ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ဇွဲကပင်ယူနိုက်တက်-
ရန်ကုန်ယူနိုက်တက်
(သုဝဏ္ဏကွင်း)
မနောမြေအသင်း- Southern Myanmar

(ကြေးမုံ)

ရတနာပုံတိုက်စစ်မှူး ထွန်းထွန်းဝင်း ဥဿာနောက်တန်းကို ဤသို့ တိုက်စစ်ဆင်ခဲ့သော်လည်း. . .။

Computer Networking With Windows 7 သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၅

Netinfo နည်းပညာသင်တန်းကျောင်းက Computer Networking သင်တန်းကို Micrsoft Windows 7 အသုံးပြု၍ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

Windows 7 ကို အခြေခံမှစ၍အဆင့်မြင့် Network များချိတ်ဆက်နိုင်ရန်၊ မိမိတို့အသုံးပြုနေသော ကွန်ပျူတာများကို အကျိုးရှိရှိပိုမိုအသုံးပြုနိုင်ရန်၊ System Problem များကို ကိုယ်တိုင်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတကာအသိအမှတ်ပြု Certificate Exam များဝင်ရောက်ဖြေဆိုနိုင်ရန် သင်ကြားပေးမည် ဖြစ်ပြီး Windows 7 အခြေခံ Networking Certificate ဖြစ်သော MCTS စာမေးပွဲကို ဖြေဆိုနိုင်လျှင် Server 2008 MCITP Certificate ကိုရရှိရန် လိုအပ်သောစာမေးပွဲငါးခုအနက် တစ်ခုကိုဖြေဆိုပြီး ဖြစ်မည်။ နိုင်ငံတကာတွင် Networking အလုပ်အကိုင်အတွက် လိုအပ်သော Certificate များ၌ တစ်ခုအပါအဝင်ဖြစ်သည့် MCITP ကို ဆက်လက်လေ့လာနိုင်ရန် လိုအပ်သော အခြေခံကောင်းများ ရရှိမည်။

အဆိုပါသင်တန်းတွင် Windows 7 Installation, Configuration Maintenance,Trouble Shooting များကို အသေးစိတ်သင်ကြားပေးမည်ဖြစ်ပြီး ကျောင်းသားတစ်ဦးစီသည် မိမိတို့သင်ယူနေသော Course အတိုင်း လက်တွေ့ဦးစားပေးစနစ်ဖြင့် ကွန်ပျူတာများကို စိတ်ကြိုက်စမ်းသပ်သုံးစွဲနိုင်ရန် Dual Core System,LCD များဖြင့် သင်ကြားပေးသည်။

ထိုသင်တန်းသို့ ကွန်ပျူတာအခြေခံရှိသော တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာတက္ကသိုလ်ကျောင်းသားများနှင့် Networking ကို Professional အဖြစ် လုပ်ကိုင်လိုသူများ တက်ရောက်သင့်သည်။

ယင်းသင်တန်းကို ဇွန် ၂၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး တနင်္လာ၊ အင်္ဂါ တစ်ပတ်လျှင် နှစ်ရက်တက်ရောက်ရမည်။ တန်းခွဲတစ်ခုလျှင် သင်တန်းသားဦးရေ ၁၈ ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက Netinfo နည်းပညာသင်တန်းကျောင်း အဆောင် (၂) အခန်း(၁) မြန်မာအင်ဖိုတက်လိုင်မြို့နယ် ဖုန်း-၅၀၇၀၄၅၊ ၆၅၂၂၄၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(E)နှင့်(G) ပွဲစဉ်များပြီးဆုံး ဘရာဇီး၊ ပေါ်တူဂီ၊ နယ်သာလန်နှင့် ဂျပန်တို့ ရှုံးထွက်အဆင့်တက်

ဂျိုဟန်နက်စဘတ် ဇွန် ၂၅

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (G)နောက်ဆုံးပွဲစဉ်များကို ယနေ့ညဆက်လက် ယှဉ်ပြိုင်ကစားကြရာ အိုင်ဗရီကို့စ်နိုင်ပွဲရခဲ့ပြီး ပေါ်တူဂီနဲ့ ဘရာဇီးတို့ သရေကျခဲ့ပါတယ်။

မြောက်ကိုရီးယား ၀ - ၃ အိုင်ဗရီကို့စ်

တစ်မှတ်သာရထားသေးတဲ့ အိုင်ဗရီကို့စ်ဟာ အုပ်စုကိုကျော်ဖြတ်ဖို့မဖြစ်နိုင်တော့ပေမယ့် ဂုဏ်သိက္ခာအတွက် အဓိကထားယှဉ်ပြိုင်ခဲ့ရာ ပထမပွဲထွက်လူစာရင်းမှာ ဒရော့ဘာ၊ ဂျာဗင်ဟို၊ ယာယာတိုရေး၊ ကိုလိုတိုရေး၊ အီဘိုယေး၊ ရိုမာရစ်၊ ကီတာနဲ့ ဇိုကိုရာစတဲ့ အမာခံကစားသမားများ ပါဝင်လာခဲ့ပါတယ်။ အဓိကကစားသမားတွေစုံစုံလင်လင်နဲ့ ပွဲထွက်လာခဲ့တဲ့ အိုင်ဗရီကို့စ်ဟာ ဟောင်ရန်ဂျို၊ ရီချိုမြောင်၊ ဂျီယမ်နန်တို့ပါဝင်တဲ့ မြောက်ကိုရီးယားကို ကစားကွက် အသာစီးရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်ပွဲချိန် ၁၄ မိနစ်မှာ ယာယာတိုရေး၊ မိနစ် ၂၀မှာ ရိုမာရစ်တို့သွင်းဂိုးနှစ်ဂိုးနဲ့ ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်း ၈၂ မိနစ်မှာ ကာလူးက တစ်ဂိုး ထပ်မံသွင်းယူခဲ့တာကြောင့် ပွဲအပြီးမှာ အိုင်ဗရီကို့စ်က သုံးဂိုးပြတ်နဲ့ နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ အိုင်ဗရီကို့စ်နိုင်ခဲ့ပေမယ့် အုပ်စုအဆင့်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။

ပေါ်တူဂီ ၀ - ၀ ဘရာဇီး

အုပ်စုပထမနေရာက ဘရာဇီးနဲ့ ဒုတိယနေရာက ပေါ်တူဂီတို့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ပါတယ်။ အုပ်စု (G)ပွဲစဉ်များအပြီးမှာ ဘရာဇီးက အုပ်စုဗိုလ်နဲ့ ပေါ်တူဂီက ဒုတိယနဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။

အုပ်စု (E)

အုပ်စု(E)ရဲ့ နောက်ဆုံးပွဲစဉ်များကို သောကြာနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျပန်နဲ့ နယ်သာလန်တို့ နိုင်ပွဲအသီးသီးရရှိခဲ့ပါတယ်။ ဒိန်းမတ်နဲ့ ဂျပန်တို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဂျပန်က သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရကာ အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်တက်သွားပြီဖြစ်ပါတယ်။ ဒီပွဲမှာဂျပန်အတွက် ဂိုးများကို ဟွန်ဒါ၊ အင်ဒိုနဲ့ အိုကာဇာကီတို့က သွင်းယူခဲ့ကာ ဒိန်းမတ်အတွက်ဂိုးကို တိုမက်ဆင်က သွင်းယူခဲ့ပါတယ်။

ကင်မရွန်းနဲ့ နယ်သာလန်တို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ နယ်သာလန်က နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရကာ အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်နိုင်ခဲ့ပါတယ်။ နယ်သာလန်အတွက် ဂိုးများကို ပွဲချိန် ၃၆ မိနစ်မှာ ဗန်ပါစီနဲ့ ၈၃ မိနစ်မှာ ဟန်တယ်လာတို့က သွင်းယူပေးခဲ့ပြီး ကင်မရွန်းအတွက်ဂိုးကို ပွဲချိန် ၆၅ မိနစ်မှာ အီတူးက ပယ်နယ်တီမှ သွင်းယူပေးခဲ့ပါတယ်။

ပေါ်တူဂီမှ စီရော်နယ်လ်ဒို၏ ထိုးဖောက်မှုကို ဘရာဇီးမှ ဂီဘာတို ဖျက်ထုတ်ရန် ကြိုးစားစဉ်။

ပြိုင်ဆိုင်မှုပြင်းထန်လာတော့မည့် ရှုံးထွက်ပွဲစဉ်များ ဥရုဂွေးနှင့်တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂါနာတို့ယှဉ်ပြိုင်မည်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် ရှုံးထွက်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ရာ ဥရုဂွေးနဲ့ တောင်ကိုရီးယား၊ အမေရိကန်နဲ့ ဂါနာတို့ တွေ့ဆုံမှာဖြစ်တာကြောင့် ဘယ်အသင်းတွေကွာတားဖိုင်နယ်ကို တက်ရောက်နိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပါ။

ဥရုဂွေး-တောင်ကိုရီးယား
၂၆-၆-၂၀၁၀(စနေနေ့)
ည ၈း၃၀ နာရီ

တောင်အမေရိကဇုန်က ဥရုဂွေးဟာ မက္ကဆီကို၊ တောင်အာဖရိကနဲ့ ပြင်သစ်တို့ကိုကျော်ဖြတ်ပြီးအုပ်စုဗိုလ်နဲ့ တက်လာခဲ့ကာ တောင်ကိုရီးယားကတော့ ဂရိနဲ့ နိုင်ဂျီးရီးယားကိုကျော်ဖြတ်ပြီး အုပ်စုဒုတိယနဲ့ တက်လာနိုင်ခဲ့တာပါ။ တောင်ကိုရီးယားကတော့ ထူးချွန်ကစားသမားတွေမရှိပေမယ့် လျင်မြန်မှုကို အားပြုပြီး အသင်းလိုက် စုဖွဲ့မှုအားနဲ့ ကစားတတ်တဲ့အသင်းပါ။ တောင်ကိုရီးယား ကစားအားကောင်း ပေမယ့် ဥရုဂွေးက ဆူရာရက်ဇ်၊ ဒီယေဂိုဖော်လန်၊ ကာဗာနီတို့ရဲ့တဲ့လုံးတွေနဲ့ ထိုးဖောက်လာမှာကို တောင်ကိုရီးယားနောက်တန်း ကြာကြာ တောင့်ခံနိုင်မယ် မထင်ပါဘူး။ ဥရုဂွေးဘက်မှာ သရေနဲ့ အနိုင်ရှိနေပါတယ်။

အမေရိကန်-ဂါနာ
၂၇-၆-၂၀၁၁၀(တနင်္ဂနွေနေ့)
နံနက် ၁ နာရီ

အမေရိကန်ဟာ အင်္ဂလန်ကိုကျော်ပြီး အုပ်စုဗိုလ်ရခဲ့ကာ ဂါနာကတော့ ဆာဘီးယားနဲ့ ဩစတြေးလျတို့ကို ကျော်ဖြတ်ပြီး အုပ်စုဒုတိယနဲ့တက်လာခဲ့တာပါ။ ဒီနှစ်သင်းရဲ့ခြေစွမ်းက ကွာဟမှုကြီးကြီးမားမား မရှိပါဘူး။ ရှုံးထွက်အဆင့်ပြိုင်ပွဲဖြစ်တာကြောင့် ပြိုင်ဆိုင်မှုက ပြင်းထန်ပြီး အချိန်ပိုအထိရောက်သွားနိုင်တဲ့အနေအထားမှာရှိနေပါတယ်။

ဝင်းတင် (ကြေးမုံ)



တိုက်ခန်းအမြန်ရောင်းမည်

(၁) ၁၂၁ လမ်း၊ ၅လွှာ၊ ၁၅'×၄၀' ရေ၊ မီးကိုယ်ပိုင် ပြင်ဆင်ပြီး (မင်္ဂလာဈေးအနီး) ရောင်းဈေး (၁၁၅)သိန်း ဖုန်း၅၁၉၂၃၅၊ ၂၀၁၁၂၃

(၂) DIAMOND CON DO A 3rd Floor, 1350 sqft 1 M, 2B ရောင်းဈေး သိန်း(၈၀၀)၊

ဖုန်း၀၉၄၉၂၀၄၀၈၅၊ ၅၁၉၂၃၅

နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် မြန်မာမြားပစ်အဖွဲ့ တောင်ကိုရီးယားနိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၂၅

အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပမည့် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် မြန်မာနိုင်ငံတွင်ကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရေး အကြိုပြင်ဆင်မှုအဖြစ် တောင်ကိုရီးယားနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)ဦးဆောင်သည့် မြန်မာမြားပစ်အဖွဲ့သည် ယမန်နေ့ည ၇ နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း(အမှုဆောင်မြားပစ်အဖွဲ့ချုပ်)၊ နည်းပြအဖြစ် ဒေါ်မြတ်သူဇာမြင့်၊ အားကစားသမားများအဖြစ် Compound အမျိုးသား-ရဲမင်းဆွေ၊ ချစ်ဝင်းရှိန်၊ ပိုင်မြတ်သူ၊ အောင်ခြိမ့်ဘော်၊ စောမြကျော်သူ၊ အမျိုးသမီး-အောင်ငှိမ်း၊ လှလှစံ၊ ယောစိမ်းယု၊ Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုး၊ နန်းအောင်၊ အောင်မျိုးသူ၊ အမျိုးသမီး-သင်းသင်းခိုင်၊ သဇင်အောင်လိုင်းနိုင်းတို့ လိုက်ပါသွားကြသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် ၂၀၁၁ခုနှစ်နှင့် ၂၀၁၃ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအပြင် ယခုနှစ်အတွင်းယှဉ်ပြိုင်ရန်ရှိသည့် ကမ္ဘာ့တံခွန်စိုက်မြားပစ်ပြိုင်ပွဲ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရေးအတွက် ယခုကဲ့သို့ ကမ္ဘာ့ထိပ်သီးမြားပစ်နိုင်ငံ တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ကာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ ဂါဝန်ဒိုပြည်နယ် မြားပစ်ဥက္ကဋ္ဌ၏ စီစဉ်ပေးမှုဖြင့် ဇွန် ၂၅ရက်မှ ဇူလိုင် ၂၃ရက်အထိ တစ်လကျော်ကြာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး တောင်ကိုရီးယားမြားပစ်နည်းပြဆရာတစ်ဦးကလည်း မြန်မာမြားပစ်အားကစားသမားများကို အနီးကပ် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၂၅

ပုလဲကွန်ဒိုတွင် မီးလောင်မှုဖြစ်ပွား၊ ဖော့ကန်ရပ်ကွက်လည်း မီးလောင်၊ ကွန်တိန်နာယာဉ်ကြီးများ သီးသန့်လမ်းမှသာ မောင်းနှင်ရမည်၊ မြို့တွင်းလမ်းများအပေါ် ညအိပ်ရပ်နားက အရေးယူမည်၊ လိုင်စင်မလုပ်ထားသည့် သက်တမ်းကုန် ယာယီနံပါတ်ယာဉ်နှင့် လေလံယာဉ်များကို အရေးယူပြီ၊ တားမြစ်နယ်မြေဆိုင်ကယ်စီးက သတင်းပို့သူ ဆုငွေ ၁၀၀၀၀ ချီးမြှင့်မည်၊ ဆရာမတစ်ဦးကိုသတ် ရွှေငွေသိန်း ၆၀ ဖိုးယူသွား၊ ကြက်မတစ်ကောင် ငှက်ပျောသီးသဏ္ဌာန် ကြက်ဥဥ၊ ၂၂ လက်မအရွယ် နှစ်နှစ်သမီးလေး၊ မန္တလေးမြို့ ပုဂ္ဂလိကစက်သုံးဆီဆိုင် ပေါ်လာသော်လည်း လမ်းဘေးဆိုင်များ အလုပ်ဖြစ်ဆဲ၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဝယ်သူကို လက်ဆောင်ပေးပြီး ဆွဲဆောင်နေကြ၊ အဆိုတော် ဟဲလေးနှင့်ဇနီး သားဦးလေးမွေးပြီ၊ မန်းမြို့ရွှေကျင်နိကာယ နှစ် (၁၅၀) အထိမ်းအမှတ် ကျောင်းတိုက်ကြီးတည်ဆောက် ခြောက်လအတွင်းပြီးမည်ဟုမှန်း၊ မန်း(စည်ပင်)မှ အော်ဂဲနစ်သဘာဝခါတ်မြေဩဇာ ဈေးချိုချိုနှင့် ရောင်းချ၊ သဘာဝမဟုတ်လျှင် လူကိုအန္တရာယ်ဖြစ်စေသည့် အသီးအနှံများ မစားသင့်၊ ငါးသိန်းတန် CDMA ဖုန်းများ မိုဘိုင်းဖုန်းအဖြစ် ရွှေ့ပြောင်းကိုင်ဆောင်နိုင်၊ ဇင်ယော်နီပေးသည့် နေ့တိုင်းကံထူးမည့်နည်း၊ အသုံးအနှုန်းများမှာ မင်္ဂလာရှိတဲ့စကားများဖြစ်သင့်သော မြန်မာစကားလုံးများ၊ ကုန်တန်ချိန် တစ်သောင်းတင်ဆောင်နိုင်သော ပင်လယ်ကူးသင်္ဘော အလုံသင်္ဘောကျင်းတွင် တည်ဆောက်ရန်ညှိနှိုင်း၊ ဂျာနယ်ကျော်မမလေး၏ “အမေ”၊ မောင်သန်းဆွေ (ထားဝယ်)၏ “ဖူးစာနှစ်ခိုင်” ဇာတ်လမ်း၊ ထက်ထက်မိုးဦး စင်ကာပူသွားမည် သင်ဇာဝင့်ကျော်လည်းပါ၊ နေတိုးနှင့် အူဝဲ မြေးအဘွားဖြစ်သွားခဲ့၊ ၂၀၁၀ နှစ်ဝက်မှာ ကြည့်ကြရမည့် ကိုရီးယားဇာတ်လမ်းတွဲများ၊ လီဂျွန်ကီ စစ်မှုထမ်းဖို့သွားပြီ၊ ဘာသာခြားစာ လေ့လာသူများအတွက် တရုတ်စာ၊ ဩစတြေးလျမှာ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် အရွေးခံရ၊ သမ္မတအိုဘားမား အာဖဂန်မှ အမေရိကန်တပ်မှူးကိုထုတ်၊ အမေရိကန်-အီရန် ဆက်ဆံရေး မယုံကြည်မှုတွေနက်ရှိုင်း စသဖြင့် မြန်မာသတင်း၊ ကမ္ဘာ့သတင်းများကို မှန်ကန်စွာ တင်ပြနေသော News Watch (စောင့်ကြည့်ဂျာနယ်) အတွဲ (၅)၊ အမှတ် (၄၈) ထွက်ရှိနေပြီ ဖြစ်သည်။

(သတင်းစဉ်)

ကော့မှူးမြို့နယ် မိုးစပါးလျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးနှင့် စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီရေး ကွင်းဆင်းဆောင်ရွက်

ကော့မှူး ဇွန် ၂၅

ကော့မှူးမြို့နယ်တွင် မိုးစပါးလျာထားချက်ပြည့်မီအောင် အချိန်မီ စိုက်ပျိုးပြီးစီးရေးနှင့် ရန်ကုန်မြို့နှင့် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်စေရေး၊ ကျေးရွာစာကြည့်တိုက်များစံ(၅)ရပ်နှင့်အညီ တိုးတက်ခိုင်မာစေရေးတို့အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်လှမောင်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းမြင့်တို့သည် ဇွန် ၂၃ရက်က ညောင်ကုန်းကျေးရွာအုပ်စုသို့သွားရောက်၍ လယ်လုပ်တောင်သူများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များအားတွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းအကြံပေးခဲ့ကြပြီး စာအုပ်၊ စာစောင်၊ လက်ကမ်းနှင့် နံရံကပ်စာစောင်များ ပေးအပ်လှူဒါန်းကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဇွန် ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက်မရောမြို့တွင် ၃ ဒသမ ၀၅ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၅၆လက်မ၊ ဟားခါးမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၂ ဒသမ ၁၇ လက်မစီ၊ ဘားအံမြို့နှင့်သထုံမြို့တို့တွင် ၁ ဒသမ ၈၅ လက်မစီနှင့် အောင်လံမြို့တွင် သုည ဒသမ ၇၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၂၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်လနောက်ဆုံးရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၀ ဒသမ ၈ ဒီဂရီစင်တီဂရိတ်)	၈၇ဒီဂရီဖာရင်ဟိုက်	၂၄-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ ၀ ဒီဂရီစင်တီဂရိတ်)	၇၇ ဒီဂရီဖာရင်ဟိုက်	၂၅-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၈၅ ရာခိုင်နှုန်း	၂၅-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	၁ ဒသမ ၆ နာရီခန့်	၂၄-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၅-၆-၂၀၁၀	၁၅မမ (သုညဒသမ၅၈လက်မ)	၃၇မမ (၁ဒသမ၄၆လက်မ)	၂၂မမ (သုည ဒသမ ၈၇လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၆၈၉မမ (၂၇ဒသမ၁၂လက်မ)	၇၈၂မမ (၃၀ဒသမ၇၉လက်မ)	၈၁၃မမ (၃၂ဒသမ၀၁ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅-၆-၂၀၁၀ ရက် ၉း၃၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပခုက္ကူစက်မှုဇုန်မှ မော်တော်ယာဉ်နှင့်ဆိုင်ကယ်များ တွင်ကျယ်စွာ ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိ

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-သာဥာဏ်(သတင်းစဉ်)

အဆင်အပြင် ခိုင်သန္တာရွှေ

ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွင်ကိုဦး၏ စီစဉ်ပေးမှုဖြင့် ယခုရက်ပိုင်းအတွင်း ပခုက္ကူစက်မှုဇုန်သို့ သွားရောက်လေ့လာခွင့်ရခဲ့၏။

ပခုက္ကူစက်မှုဇုန်ကို ပခုက္ကူမြို့ အရှေ့မြောက်ဘက် လေးမိုင်အကွာ ပခုက္ကူ-ရေစကြိုကားလမ်းဝဲယာတွင် တည်ဆောက်ထားသည်။ မြေဧရိယာဧက ၃၅၀ ရှိပြီး ပေ ၁၀၀ × ပေ ၁၀၀ရှိ စက်မှုမြေကွက်ပေါင်း ၈၉၆ ကွက်ရှိကာ ၁၉၉၈ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖွင့်လှစ်တည်ထောင်ခဲ့သည်။

တွင်ကျယ်စွာထုတ်လုပ်

စားသောက်ရေးလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်း လုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးကိရိယာထုတ်လုပ်မှု၊ စက်မှုသုံးကိရိယာထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးယာဉ်ထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်းများထုတ်လုပ်မှုနှင့် အထွေထွေစက်မှုအလုပ်ရုံများဖြင့် ဖွဲ့စည်းထားပြီး အရည်အသွေးမီ စက်မှုထုတ်ကုန်များကို တွင်ကျယ်စွာ ထုတ်လုပ်ပေးလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

တပ်ဆင်ထုတ်လုပ်

သွင်းကုန်အစားထိုး မော်တော်ဆိုင်ကယ်များကို ပခုက္ကူစက်မှုဇုန်မှာပင် ခေတ်မီ စက်ကိရိယာများဖြင့် ဤသို့ တပ်ဆင် ထုတ်လုပ်ပေးလျက်ရှိသည်။

ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၂၅

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ/မရှိ စောင့်ကြည့်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)